http://www.dhammadownload.com

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

၏

နှစ်ပတ်လည်အစည်းအဝေးတွင် မိန့်ကြားတော်မူသော

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်များ

(၁၉၇၆/၇၇-ခုနှစ်မှ ၁၉၈၁/၈၂-ခုနှစ်ထိ)

ဓမ္မဒါန

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

အမှတ်-၁၆၊ သာသနာ့ရိပ်သာလမ်း၊ ကုက္ကိုင်း၊ ရန်ကုန်။

၁၉၈၂-ခုနှစ်

http://www.dhammadownload.com

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

၏

နှစ်ပတ်လည်အစည်းအဝေးတွင် မိန့်ကြားတော်မူသော

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်များ

(၁၉၇၆/၇၇-ခုနှစ်မှ ၁၉၈၁/၈၂-ခုနှစ်ထိ)

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

အမှတ်-၁၆၊ သာသနာ့ရိပ်သာလမ်း၊ ကုက္ကိုင်း၊ ရန်ကုန်။

၁၉၈၂-ခုနှစ်

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၉၉၈)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (   )

ပထမအကြိမ်

—

အုပ်ရေ-၂၀၀၀

—

၁၉၈၂-ခု

—

အောက်တိုဘာလ

—

အဖုံး-အောင်သာ

—

စာအုပ်ချုပ်-အေးမိသားစု

—

မဗ္ဗဒါန

—

ဦးမင်းဆွေ၊ ကင်းလွတ်ခွင့် အမှတ် (၃၃၃)၊ ၁၆-သာသနာ့ရိပ်သာလမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဦးတင်မောင် (၀၂၅၆-မြ) စာပေပေါင်းကူး ပုံနှိပ်တိုက်၊ အမှတ်-၉၀၊ အေ,ဘီ၊ ဝေဇယန္တာလမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။ (ဖုံး-၅၅၉၁၅)

http://www.dhammadownload.com

နိဒါန်း

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ဘုရားကြီး ဖြစ်တော်မူ သဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် နှစ်ပါတ်လည် သင်းလုံးကျွတ်စည်းဝေး တိုင်းပင် ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်ကို ခံယူတော်မူလေ့ ရှိပါသည်။

ဆရာတော်ဘုရားကြီးသည်လည်း ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ နှစ် ပတ်လည်အစည်းအဝေးများ ကျင်းပတိုင်းပင် လွန်စွာ အရေးထားတော်မူ၍ ဩဝါဒတော်များကို ပေးလေ့ရှိပါသည်။

ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်ကလည်း နှစ်စဉ် ပေးသနားတော်မူသော ဩဝါဒတော်များကို တိပ်ဖြင့် အသံဖမ်းယူ၍ အမြတ်တနိုး သိမ်းယူထားရှိကာ လိုက်နာကျင့်သုံးသကဲ့သို့ပင် ဆရာတော်ဘုရားကြီး၏ ဩဝါဒခံများ ဖြစ်ကြ သော အများပြည်သူ ရဟန်းရှင်လူ ယောဂီအပေါင်းတို့လည်း လိုက်နာကျင့် သုံးနိုင်ရန် အလို့ငှာ စာအုပ်အဖြစ် ပုံနှိပ်ဝေငှခဲ့သည်လည်း ရှိခဲ့ပါသည်။

ယခုတဖန် ၁၉၇၆-၇၇ ခုနှစ်မှ ၁၉၈၁-၈၂ ခုနှစ်အတွင်း မိန့်ကြား တော်မူခဲ့သော ဩဝါဒတော်များကို ပြန်လည် စုစည်း၍ ဆရာတော်ဘုရား ကြီး၏ ဩဝါဒခံဖြစ်ကြသော အများပြည်သူ ရှင်လူအပေါင်းတို့ လိုက်နာ ကျင့်သုံးနိုင်ရန်အလို့ငှာ စာတအုပ်တည်းဖြင့် ပုံနှိပ်ဖြန့်ချီအပ်ပါသည်။

ဤသို့ပုံနှိပ်ဖြန့်ချီသောအားဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ မွန်မြတ်သော ဆန္ဒတော်နှင့်အညီ ဩဝါဒခံ တပည့်ရဟန်းရှင်လူ အပေါင်းတို့သည် အမှတ်တရ လမ်းညွှန် ဩဝါဒပေးချက်များကို မမေ့မလျော့ လိုက်နာကျင့်သုံးလိမ့်အံ့ဟု အလေးအနက် ယုံကြည်ကိုးစားတာ အဖွဲ့ချုပ် အနေဖြင့် သာသနာ၏ အကျိုးငှာ မျှော်လင့်အပ်ပါသတည်း။

မင်းဆွေ

အတွင်းရေးမှူး

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

၁၀-၉-၈၂ မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	၁၉၇၆-၇၇ ခုနှစ်တွင် မိန့်ကြားတော်မူသော ဩဝါဒတရားတော် ...	၁
၂။	၁၉၇၇-၇၈ ခုနှစ်တွင် မိန့်ကြားတော်မူသော ဩဝါဒတရားတော် ...	၅
၃။	၁၉၇၈-၇၉ ခုနှစ်တွင် မိန့်ကြားတော်မူသော ဩဝါဒတရားတော် ...	၁၃
၄။	၁၉၇၉-၈၀ ခုနှစ်တွင် မိန့်ကြားတော်မူသော ဩဝါဒတရားတော် ...	၁၈
၅။	၁၉၈၀-၈၁ ခုနှစ်တွင် မိန့်ကြားတော်မူသော ဩဝါဒတရားတော် ...	၂၇
၆။	၁၉၈၁-၈၂ ခုနှစ်တွင် မိန့်ကြားတော်မူသော ဩဝါဒတရားတော် ...	၃၃
၇။	ဩဝါဒတော်မှ မှတ်သားဖွယ်ရာ ကောက်နုတ်ချက်များ ...	၃၇

၁၉၇၆-၇၇ ခုနှစ်တွင် မိန့်ကြားတော်မူသော

ဩဝါဒ မိန့်ခွန်းတော်

ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်၏ သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့ ကျင်းပတယ်၊ ရှေးဦးစွာ သရဏဂုံ သုံးပါးနှင့်တကွ ရှစ်ပါးသီလကို ကောင်းမှုမင်္ဂလာ ဖြစ်စေရန် ဆောက်တည်ကြတယ်၊ အဲဒီရှစ်ပါးသီလကို မိမိတို့ ရည်ရွယ်ရင်း အပိုင်းအခြားရှိသည့်အတိုင်း စောင့်ရှောက်သွားကြရပါပဲ၊ အဲဒီသီလဆောက်တည်ပြီးတော့ ဘုန်းကြီးတို့က အဖွဲ့ချုပ်၏ ဩဝါဒါစရိယဖြစ်တဲ့အတိုင်း ဩဝါဒပေးဖို့ပါပဲ။

ဒါပေမဲ့ ဩဝါဒက အထူးတော့ ပေးစရာမရှိပါဘူး၊ နှစ်စဉ်နှစ်တိုင်း ပေးနေကျအတိုင်း ပေးရမှာပါပဲ၊ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ဆိုတဲ့ အမည်က ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်တဲ့ အဖွဲ့လို့ အနက်အဓိပ္ပါယ်ရှိပါတယ်၊ ဗုဒ္ဓသာသနာတော်ကို မဆုတ်ယုတ်ရအောင် တိုးတက်အောင် အဖက်ဖက်ကနေပြီး ချီးမြှောက်ထောက်ပံ့ရန်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားတဲ့ အဖွဲ့ပါပဲ၊ အဲဒီအဖွဲ့မှာ ယခုနှစ်ပတ်လည် အစည်းအဝေးကတော့ (၁၁) ကြိမ်မြောက် ဖြစ်ကြောင်း ဖိတ်စာမှာ ဖော်ပြထားတယ်။

ဗုဒ္ဓသာသနာတော်ကို ထောက်ပံ့ရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းသားတဲ့ သာသနာပြုအဖွဲ့တွေဟာ မြန်မာပြည် အရပ်ရပ်မှာ ရှိနေကြပါတယ်၊ အမည်ချင်းမတူပေမဲ့ ရည်ရွယ်ချက်ချင်းကတော့ အတူတူပါပဲ၊ ဒါကြောင့် အခြားအဲဒီအဖွဲ့တွေကလဲ သာသနာတော်အတွက် သူတို့ အင်အားရှိသလောက် ဆောင်ရွက်နေကြတယ်၊ သာသနာတော်အကျိုးများဖို့ တိုးတက်ဖို့ချည်းပါပဲ၊ အဲဒီအထဲမှာ ဒီသာသနာ့ရိပ်သာက ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကတော့ ဆောင်ရွက်ရာမှာ ထူးထူးခြားခြား အောင်မြင်တာတွေ အင်မတန်များပါတယ်၊ ဒီအဖွဲ့က

http://www.dhammadownload.com

ဆောင်ရွက်လို့ အောင်မြင်တာတွေကို လိုက်ပြီးစဉ်းစားကြည့်ရင် အင်မတန် ဝမ်းမြောက်စရာ အားတက်စရာပါပဲ။

သာသနာရေး အဖွဲ့အစည်းတွေ ပြုလုပ်ပြီး ဆောင်ရွက်ကြရတယ်ဆိုတာ မိမိတို့လဲ ကုသိုလ်ပွါးဖို့၊ သာသနာတော်လဲ အကျိုးများဖို့ဖြစ်တယ်၊ ဒါကြောင့် မိမိတို့မှာလဲ ကုသိုလ်ပွါးများသည်ထက် ပွါးများအောင်၊ သာသနာတော်လဲ တိုးတက်သည်ထက် တိုးတက်အောင် အစွမ်းကုန် ဆောင်ရွက်သွားကြဖို့ပါပဲ။ ဒီသာသနာ့ရိပ်သာမှာတော့ (အဖွဲ့က ဆောင်ရွက်တဲ့အတွက် နှစ်စဉ် ပဋိပတ္တိ သာသနာတော် တိုးတက်နေတာကို ထင်ရှား တွေ့မြင်နေကြရပါတယ်၊ ၁၃၁၁-ခုနှစ် ပဋိပတ္တိ ဌာနစပြီး ဖွင့်လှစ်လိုက်သည်မှ စ၍ နှစ်စဉ်နှစ်တိုင်း တိုးတက်နေပါတယ်၊ ဆုတ်ယုတ်ကာ လျော့သွားတယ်လို့ မရှိပါဘူး၊ တန့်ရပ်နေတယ်လို့တောင် မရှိပါဘူး၊ တိုးတက်နေတာသာ ရှိပါတယ်၊ အားလုံး ဝမ်းမြောက်စရာပါပဲ၊ဒီရိပ်သာမှာသာ မဟုတ်ပါဘူး၊ ဒီရိပ်သာမှာ အခြေခံပြီး ဖွင့်လှစ်ထားတဲ့ အခြား သာသနာ့ရိပ်သာတွေမှာလဲ ပဋိပတ္တိ သာသနာဘက်က တိုးတက်နေတာပါပဲ၊ အဲဒါဟာ ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်များအတွက် အားတက်စရာပါပဲ။

ဒါကြောင့် (အာဂတော ဘာရော အဝဿံ ဝဟိတဗ္ဗော) အာဂတော-ဆိုက်ရောက်လာသော၊ဘာရော-တာဝန်ကို၊အဝဿံ-မချွတ်ဧကန်၊ဝဟိတဗ္ဗော-ဆောင်ရွက်ရမည်လို့ ကျမ်းဂန်များမှာ မိန့်ဆိုထားတဲ့အတိုင်း ဒီသာသနာ့ရိပ်သာနှင့် ပတ်သက်တဲ့ ဆောင်ရွက်ဖွယ် တာဝန်တွေဟာ ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ဝင် လူကြီးတွေအပေါ်မှာ ကျရောက်နေသောကြောင့် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ သာသနာ့ရိပ်သာ ဆိုင်ရာကျရောက်နေတဲ့ မိမိတို့ တာဝန်ကို ကျေပြွန်စွာ ဆောင်ရွက်သွားကြဖို့ပါပဲ။

အဲဒီလို ဆောင်ရွက်ရာမှာ အရေးကြီးတာကတော့ မေတ္တာ ကာယကံ၊ မေတ္တာ ဝစီကံ၊ မေတ္တာ မနောကံ ဒီသုံးခုက အရေးကြီးပါတယ်၊ ကိုယ်ဖြင့် ပြုလုပ် ဆောင်ရွက်တဲ့အခါမှာ အဖွဲ့ဝင် ပုဂ္ဂိုလ်အချင်းချင်းအပေါ်မှာရော၊ ရိပ်သာအတွင်းရှိ ပုဂ္ဂိုလ်တွေအပေါ်မှာရော၊ ရိပ်သာကို ကူညီထောက်ပံ့တဲ့

http://www.dhammadownload.com

ပုဂ္ဂိုလ်တွေအပေါ်မှာရော ချမ်းသာကြပါစေဆိုတဲ့ စိတ်ဓာတ်ဖြင့် ပြုလုပ်ဆောင်ရွက်သွားကြဖို့ပါပဲ၊ နှုတ်ဖြင့် ပြောဆိုတဲ့အခါမှာလဲ အဲဒီ စပ်ဆိုင်ရာပုဂ္ဂိုလ်တွေအပေါ်မှာ ချမ်းသာကြပါစေဆိုတဲ့ မေတ္တာဓာတ်ဖြင့် ပြောဆိုဆောင်ရွက်သွားကြဖို့ပါပဲ၊ အဲဒီမေတ္တာ ဝစီကံက အလွန် အရေးကြီးပါတယ်၊ အခါတိုင်းလဲ ဘုန်းကြီးက ညွှန်ကြားနေကျပါပဲ၊ ပြောစရာရှိလို့ ပြောတဲ့အခါမှာ ချိုချိုသာသာပြောဖို့ တန်းတူအနေဖြင့်ပြောဖို့ လိုပါတယ်၊ မေတ္တာမနောကံကတော့ ကိုယ် နှုတ် အမူအရာ ပြုလုပ် ပြောဆိုတော့မယ်ဆိုယင် မပြုမီ မပြောမီကတည်းက ချမ်းသာပါစေ ချမ်းသာကြပါစေလို့ စိတ်ဖြင့် မေတ္တာပွါးဖို့၊ အဲဒီလို မေတ္တာပွါးပြီးမှ ပြုလုပ် ပြောဆိုဖို့ပါပဲ။

အဖွဲ့ဝင် ပုဂ္ဂိုလ်တွေ၊ အဖွဲ့နှင့် ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့မှာ လာရောက်ပြီး ကူညီအားပေးတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီပုဂ္ဂိုလ်တွေနဲ့စပ်ပြီး မေတ္တာ မနောကံကတော့ ချမ်းသာပါစေ ချမ်းသာကြပါစေလို့ စိတ်ထဲတွင် ပွါးများရုံပါပဲ၊ အဲဒီမနောကံကို အရင်းခံပြီး မေတ္တာ ဝစီကံ မေတ္တာ ကာယကံတို့ဖြင့် အဖွဲ့က ချမှတ်ထားတဲ့ လုပ်ငန်းစဉ်တွေကို အချိုးတကျ ဆောင်ရွက်သွားကြဖို့ပါပဲ၊ ယခုလောလောဆယ်မှာဆိုယင် အဖွဲ့က ဆောင်ရွက်ချက်တွေကို အင်မတန် အားရစရာကောင်းပါတယ်၊ ယခုနှစ် နှစ်ပတ်လည် ဩဝါဒခံယူ ပူဇော်ပွဲမှာ အဖွဲ့က ဆောင်ရွက်တာဟာ အင်မတန် ပြည့်စုံပါတယ်၊ တွေ့ရမြင်ရတဲ့ လူရှင်အများက အင်မတန် ချီးကျူး ဝမ်းသာကြပါတယ်၊ နောက်လဲ ဒီအတိုင်းပင် ထောင့်စေ့အောင် ဆောင်ရွက်သွားနိုင်ကြလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ဒါထက် တိုးတက် ပြည့်စုံသွားလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

မေတ္တာ ကာယကံ မေတ္တာ ဝစီကံ မေတ္တာ မနောကံတို့ဖြင့် ယခုနှစ်လိုပင် ညီညီညွတ်ညွတ် ဆောင်ရွက်သွားနိုင်ကြသဖြင့် မိမိတို့လဲ အားရစရာ၊ ရဟန်းသံဃာတွေဘက်က နေကြည့်ရင်လဲ အားရစရာ၊ လူဒကာ ဒကာမများဘက်က နေကြည့်ယင်လဲ အားရစရာ ဝမ်းသာ ဝမ်းမြောက်စရာ ဖြစ်သွားလိမ့်မယ်လို့ ဘုန်းကြီးတို့က ယုံကြည် စိတ်ချပြီး မျှော်လင့်ပါတယ်။

အဲဒီလို မျှော်လင့်သည့်အတိုင်း ပြည့်စုံသည့်ထက် ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြပါစေ။

http://www.dhammadownload.com

ဤသို့ ဆောင်ရွက်သွားခြင်းဖြင့် မိမိတို့မှာလဲ ကုသိုလ်ပွါးများသည့်ပြင် မြတ်စွာဘုရား၏ ပဋိပတ္တိ သာသနာတော်ကြီးလဲ တနေ့တခြား တနှစ်တခြား တိုးတက် ကြီးပွါးပါစေ။

ဆောင်ရွက်သူတို့မှာ ဘေးရန် အန္တရာယ်ကင်း၍ မိမိတို့ လိုလားအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေ။

သာဓု သာဓု သာဓု

http://www.dhammadownload.com

၁၉၇၇-၇၈-ခုနှစ်တွင် မိန့်ကြားတော်မူသော

ဩဝါဒ မိန့်ခွန်းတော်

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် မဟာစည် သာသနာ့ရိပ်သာ သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေး၊ ၁၉၇၇-ခုနှစ် ဖိတ်ကြားစာဆိုသည့်အတိုင်း အခုအချိန်ကစပြီးတော့ နှစ်ပတ်လည်အစည်းအဝေးကျင်းပဖို့ပဲ၊ ဘုန်းကြီးတို့က ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏ ဩဝါဒစရိယ ဖြစ်နေတော့ နှစ်ပတ်လည် အစည်းဝေးကျင်းပတိုင်း ဩဝါဒပေးရတယ်၊ ဩဝါဒပေးတယ်ဆိုလဲပဲ ပထမ အစသာ အသစ်အဆန်း ဩဝါဒပေးရတာပါပဲ၊ နောက်နှစ်တွေကျတော့ ဩဝါဒတွေက ထပ်တူတွေပဲဖြစ်နေတာပါပဲ၊ အခြားတပါးသော တရားတွေကို ဟောမယ်ဆိုယင်တော့ ဟောစရာတွေတော့ရှိပါတယ်၊ ဒါပေမဲ့အဲဒါတွေက တော့ အခုလို အစည်းအဝေးနှင့် ပတ်သက်ပြီးတော့ ဟောနေဖို့ အချိန်ကုန် နေဖို့ရာမလိုပါဘူး၊ ဒါကြောင့် အစည်းအဝေးနှင့် ပတ်သက်ပြီးတော့ သတိပြု သင့်တာကလေးတွေကို ရွေးကပြောပြီးသား အကိုင်းပင် ထပ်ပြီးတော့ပြောရ မှာပါပဲ။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဆိုတဲ့အထဲမှာ ဗုဒ္ဓ-က မြတ်စွာဘုရားတဲ့၊ သာသနာ-က အဆုံးအမတဲ့၊ နုဂ္ဂဟ-က ချီးမြှောက်တာတဲ့၊ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ကို ချီးမြှောက်တဲ့အဖွဲ့၊ ဒီလို အဓိပ္ပါယ်ရှိပါတယ်၊ မြတ်စွာ ဘုရား၏ သာသနာတော်ကို ချီးမြှောက်ဖို့ရာပါပဲ၊ သဒ္ဓါတရား အားလျော်စွာ မိမိတို့တကိုယ်တည်း တကိုယ်တည်းလဲ မြတ်စွာဘုရား၏ သာသနာတော်ကို ချီးမြှောက်နိုင်တာပါပဲ၊ တကိုယ်ချင်း ဆိုလို့ရှိယင်တော့ မြတ်စွာဘုရား၏ အဆုံးအမတွေ ကိုယ်တိုင်ကျင့်ပြီးတော့လဲ သာသနာတော်ကို ချီးမြှောက်ရ တယ်၊ ဒီလိုကိုယ်တိုင်ကျင့်ပြီး ချီးမြှောက်တာကိုတော့ မြတ်စွာဘုရားက အင်မတန် နှစ်သက်သဘောကျပါတယ်၊ ဓမ္မပူဇာတရားဖြင့် ပူဇော်တာ အမြတ်ဆုံးလို့ မြတ်စွာဘုရားက ဒီလိုချီးမွမ်းထားပါတယ်၊ ပြီးတော့ တပါး

http://www.dhammadownload.com

သော ပုဂ္ဂိုလ်တွေလဲပဲ ဘုရားအဆုံးအမ သာသနာတော်ကို ကျင့်နိုင်အောင် ဟောပြောစွမ်းရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ ပြောပြီးတော့ ချီးမြှောက်ရတယ်၊ ပစ္စည်းဥစ္စာ ဘောဂဗလနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေကတော့ ပစ္စည်းနှင့်ထောက်ပံ့ပြီးတော့လဲ မြတ်စွာဘုရား၏ သာသနာတော်ကြီးကို ချီးမြှောက်ရတယ်၊ ဒါဟာ တဦးချင်း ကိုယ့်သဘောအတိုင်း သာသနာတော်ကို ချီးမြှောက်ပုံပဲ။

အခု အဖွဲ့ဆိုတာကတော့ အများစု ဖွဲ့စည်းပြီးတော့ အသီးသီး ဆိုင်ရာ ဆိုင်ရာ တာဝန်တွေကိုယူပြီး ဆောင်ရွက်ကြရတယ်၊ အဖွဲ့ဝင်ပုဂ္ဂိုလ်တွေမှာ မိမိတို့ကျတဲ့တာဝန်တွေကို ဆောင်ရွက်သွားကြဖို့ပါပဲ၊ အခါတိုင်းလဲ ဘုန်းကြီးက ပြောနေကျပါပဲ၊ အာဂတော ဘာရော အဝဿံ ဝဟိတဗ္ဗော။ အာဂတော- ရောက်လာသော၊ ဘာရော-တာဝန်ကို၊ အဝဿံ-မချွတ်မယွင်း၊ ဝဟိတဗ္ဗော- ဆောင်ရွက်ရမယ်၊ ကိုယ့်အတွက်ကျရောက်တဲ့ တာဝန်ကို မချွတ်ယွင်းစေပဲ မလိုစေပဲနှင့် အပြည့်အစုံဆောင်ရွက်ရမယ်တဲ့။

အခု ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က ပြီးခဲ့တဲ့တနှစ်အတွင်းမှာ ဆိုယင်တော့ ကိုယ့်တာဝန်နှင့် ကိုယ်အသီးသီးယူပြီး ဆောင်ရွက်ကြတာဟာ ရှေးနှစ်များကထက်ထူးကဲပြည့်စုံတယ်လို့ ဆိုနိုင်ပါတယ်၊ အယင့်ယင်ကတော့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်ဆိုပြီးတော့ အဖွဲ့ထဲဝင်နေပေမဲ့ တချို့မှာ အလုပ်ကသိပ်မရှိဘူး၊ ဆောင်ရွက်စရာ တာဝန်ကသိပ်ပြီးမရှိဘူး၊ မဆောင်ရွက်ပဲနဲ့ နေတာတွေလည်း ရှိနေခဲ့တယ်၊ အခုပြီးခဲ့တဲ့ နှစ်ကတော့ တာဝန်အသီးသီး ဆောင်ရွက်ကြပါတယ်၊ တာဝန်တွေအသီးသီး ပေးထားတယ်၊ ပေးထားတဲ့ အတိုင်းလဲ ဆောင်ရွက်ကြတယ်၊ ဆောင်ရွက်ကြတဲ့အတိုင်းလဲ အစစအရာရာ ပြည့်စုံသည်ထက်ပိုပြီးပြည့်စုံပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ "ခမာ၊ ဇာဂရိယုဋ္ဌာန" စသည်ဖြင့် အကြီးအကဲဖြစ်တဲ့ပုဂ္ဂိုလ်များ ပြည့်စုံရမဲ့ကျင့်ဝတ်တွေ ရှိပါတယ်၊ အဲဒါတွေ ရှေးတုန်းကတော့အသစ်အနေနဲ့ ဟောခဲ့ပါတယ်၊ ခမာ-သီးခံနိုင်ရမယ်၊ အများနဲ့စုပြီးတော့ အလုပ်လုပ်တဲ့နေရာမှာ ဘေးက အမြင်အားဖြင့် မကျေနပ်စရာ အချက်ဆိုတာရှိတာပဲ၊ ရှိတော့မကျေနပ်တဲ့ ပုဂ္ဂိုလ်က မကျေနပ်တဲ့ အတိုင်းပြောလို့ရှိယင် အဲဒါကိုလဲ နည်းမှန်လမ်းမှန်ပဲဆိုယင် သည်းခံရတယ်၊ အကယ်၍

http://www.dhammadownload.com

ဘေးက ပုဂ္ဂိုလ်တွေမြင်တဲ့အတိုင်းပဲ လိုနေသေးကယ်ဆိုယင်လဲ ကိုယ်ဆောင်ရွက်တဲ့ကိစ္စ ပြည့်စုံသည်ထက် ပြည့်စုံအောင် ဆောင်ရွက်သွားရပါပဲ။

ဇာဂရိယ-နိုးကြားရမယ်၊ ပေါ့ပေါ့ဆဆ မဘုတ်ပဲနှင့် နိုးနိုးကြားကြား ဆောင်ရွက်ရမယ်၊ ယခုပြီးခဲ့တဲ့ ဒီတနှစ်အတွင်းမှာတော့ နိုးနိုးကြားကြား ဆောင်ရွက်တာတွေ အင်မတန်ကို ပြည့်စုံပါတယ်၊ မနိုင်မနင်းထမ်းရ သလိုပဲ ဆောင်ရွက်စရာ တာဝန်တွေ အများကြီး ဆောင်ရွက်သွားကြတယ်၊ ဥဋ္ဌာန-ထထကြွကြွ တက်တက်ကြွကြွ ဆောင်ရွက်ရမယ်၊ ဒါလဲပဲ ဒီတနှစ် အတွင်းမှာ တက်တက်ကြွကြွလဲ ဆောင်ရွက်ကြပါတယ်၊ သံဝိဘာဂေါ- မဝေဖန်ပေးကမ်းခြင်း ဆိုတာကတော့ ဒီမှာသိပ်မလိုပါဘူး၊ ဒယာ- သနားခြင်းဆိုတာကတော့ လိုပါတယ်၊ သနားရမယ်တဲ့၊ အဖွဲ့တွင်းကဖြစ်ဖြစ် အဖွဲ့အပြင်ကဖြစ်ဖြစ် သနားသင့်တဲ့ ပုဂ္ဂိုလ်ကို သနားပြီးတော့ ကရုဏာနှင့် ဆောင်ရွက်ရတယ်၊ ဣက္ခဏာ-ဉာဏ်ဖြင့် မြော်မြင်ကြည့်ရှုခြင်း၊ ဒါဘယ်လို လုပ်သင့်တယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာကို ဉာဏ်ဖြင့် မြော်မြင်ဆင်ခြင်ရမယ်၊ အဲဒါလဲ အခု တနှစ်အတွင်းမှာ စောစောကတည်းက ဘာလုပ်သင့်တယ်၊ ဘာလုပ်ရမယ် စသည်ဖြင့် အဖွဲ့ကဆုံးဖြတ်ပြီး ဆောင်ရွက်သွားတာဟာ အင်မတန်ပြည့်စုံပါတယ်။

အဲဒီလိုဆောင်ရွက်တဲ့ နေရာမှာ ဗုဒ္ဓသာသနာဟာကြီး ကြီးပွားရာ ကြီးပွားကြောင်း အလုပ်ကို တို့ဆောင်ရွက်တယ်သို့ ဒီလိုနှလုံးသွင်းပြီးတော့ ဆောင်ရွက်ကြရမှာပဲ၊ ဗုဒ္ဓသာသနာတော် ကြီးပွားကြောင်း အလုပ် ဆောင်ရွက်တယ် ဆိုရာမှာ ဟောပြောနိုင်တဲ့ ပုဂ္ဂိုလ်ဆိုယင် ဟောပြောပြီး ဆောင်ရွက်ရမှာပဲ၊ အခု ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကတော့ ဟောပြောဖို့ မလိုပါဘူး၊ ဟောပြောဖို့ရာက ဘုန်းကြီးတို့မှာ တာဝန်ရှိတယ်၊ ဘုန်းကြီးတို့က တတ်နိုင်သမျှ သာသနာရေးကိစ္စတွေကို ဟောပြောရတယ်၊ ဘုန်းကြီးတို့ ကိုယ်တိုင်မဟောနိုင်တာကိုတော့ ကမ္မဋ္ဌာနာစရိယ တာဝန်ခံပုဂ္ဂိုလ်တွေ လွှဲပြီးတော့ ခိုင်းရတယ်၊ တဦးတည်းတော့ ဆောင်ရွက်နိုင်ဖို့ရာ မလွယ်ဘူး၊ ကမ္မဋ္ဌာနာစရိယတွေက ရဟန်းတော်တွေကို သွန်သင်ဆုံးမဖို့၊ အမျိုးသားယောဂီတွေ သွန်သင်ဆုံးမဖို့၊ အမျိုးသမီး ယောဂီတွေ သွန်သင်ဆုံးမဖို့ ပေါ့ဘာ၊ သူ့တာဝန်နှင့်သူ ဆောင်ရွက်မှုပဲ ပြေလည်တယ်၊ ဒီသာသနာ့ရိပ်သာ ဌာနက

http://www.dhammadownload.com

ရဟန်းယောဂီတွေဆိုယင်လဲ နည်းတာမဟုတ်ဘူး၊ အခုကို ခုနစ်ဆယ်ရှစ်ဆယ် လောက်ရှိမယ်ထင်တယ်၊တခါတရံကျတော့ အများကြီးပါပဲ၊အခါတိုင်း အခါ တိုင်းဆိုယင် ဒီနှစ်လောက်မများဘူး၊ ဒီနှစ်ဆိုယင် အတော်ကိုများပါတယ်၊ အမျိုးသားယောဂီသစ်တွေ ဒီနှစ်မှာ လေးဆယ်လောက် ရှိနေပါတယ်၊ အခါ တိုင်း အခါတိုင်းတော့ နှစ်ဆယ်ကျော်သုံးဆယ် ဒီလောက်ပဲရှိတယ်၊ အမျိုး သမီးတွေကတော့ ရှေးကလဲများခဲ့ပါတယ်၊ အခုတော့ပိုပြီးတော့ များလာ တာပါပဲ၊အဲဒါတွေအတွက် ကမ္မဋ္ဌာန်းဆရာတွေက သူတို့ဟာ သူ့ကိုဆောင်ရွက် ကြရတယ်၊ ဘုန်းကြီးတပါးတည်း မဆောင်ရွက်နိုင်ပါဘူး။

ကမ္မဋ္ဌာန်း ဆရာတော်သာမဟုတ်ဘူး၊ သာသနာ့ရိပ်သာမှာ အစစအရာရာ ထိန်းသိမ်းစောင့်ရှောက်ဖို့ရာ ယောဂီဟောင်း ရဟန်းတွေဆိုတာလဲ ရှိပါသေး တယ်၊ သူတို့ကလည်း ဆောင်ရွက်မှ သူတို့မရှိယင်မဖြစ်ဘူး၊ ကမ္မဋ္ဌာန်းဆရာ တွေက မိမိကိုတပည့်များကို သူတို့ပြောတဲ့အတိုင်း ကြားနာပြီး ဟောပြော ရုံပဲ ဟောပြောနိုင်တယ်၊ ကိုယ်မမြင်ရတဲ့နေရာမှာ ရဟန်းတော်ယောဂီတွေ အမျိုးသားယောဂီတွေ အမျိုးသမီးယောဂီတွေ ဘယ်လိုနေတယ်ဆိုတာလဲ သိဖို့လိုပါတယ်၊ ဒီတော့ယောဂီဟောင်းထဲက နေပြီးကြည့်ရှု စောင့်ရှောက် ပြီး ဆောင်ရွက်ဖို့လဲလိုပါတယ်။

ဒါကြောင့် သာသနာ့ရိပ်သာမှာ အဆောက်အအုံတခုခုကို ရဟန်းယောဂီ ဟောင်းများ တပါးပါးစီ ထားရတယ်၊ အဖျင်းဆုံး နေရေး ထိုင်ရေးကစပြီး တော့ နေထိုင်တတ်အောင် ညွှန်ကြားဖို့ရလိုပါတယ်၊ ဒါတွေကလဲ တကယ် လိုတဲ့ ဥစ္စာတွေပဲ၊ မရှိမဖြစ်ဘူး၊ အမျိုးသမီးတွေ ဘက်ကလဲ အမျိုး သမီးယောဂီဟောင်း တွေဆိုတာ ရှိသင့်သမျှတော့ ရှိရတယ်၊ အမျိုးသမီး ယောဂီဟောင်းတွေမရှိယင် အဆက်အသွယ်မရှိတော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်လဲနည်းသွားတတ်တယ်၊ အမျိုးသမီး ယောဂီဟောင်းတွေကလဲ နည်း စနစ်ကျကျ စေတနာကောင်းကောင်းနဲ့ ဆောင်ရွက်မည့် ပုဂ္ဂိုလ်တွေဆိုတာလို ပါတယ်။

ဆွမ်းစားကျောင်းလဲ ဆွမ်းစားကျောင်းမို့ နေခင်း ထိုင်ခင်း နေရာဌာန တွေမှာလဲ သူ့နေရာနှင့်သူ ဆောင်ရွက်ဖို့လိုပါတယ်၊အဲဒါတွေလဲပဲ ဆောင်ရွက် သင့်တဲ့ ပုဂ္ဂိုလ်တွေ ဆောင်ရွက်နိုင်အောင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကနေပြီး

http://www.dhammadownload.com

တော့ ထောက်ပံ့အားပေးရတယ်၊ ထောက်ပံ့အားပေးဖို့ရာ တာဝန်ဝတ္တရားရှိပါတယ်၊ ရဟန်းတော်များလဲ ရဟန်းတော်များအလိုက်၊ အမျိုးသား အမျိုးသမီးများလဲ အမျိုးသား အမျိုးသမီးအလိုက် အဖွဲ့ကတတ်နိုင်သမျှဆောင်ရွက်ဖို့ပါပဲ၊ အခုဆောင်ရွက်နေရာတွင်လဲပဲ ဒကာ ဒကာမတွေ ဆိုရာတွေလှူဒါန်းတဲ့ ဝတ္ထုငွေတွေဖြင့် လိုရာလိုရာအကျိုးအတွက် သုံးစွဲပြီးတော့ ထောက်ပံ့လှူဒါန်းနေကြရတယ်၊ မိုးမလိုရအောင်၊ ရေမလိုရအောင်၊ နေရာထိုင်ခင်း မလိုရအောင်၊ သွားရေးလာရေးမလိုရအောင်၊လမ်းလဲမလိုရအောင်၊ဒါတွေ ထောက်ပံ့ပြီးနေကြတယ်၊ ရဟန်း သံဃာတွေ အတွက်တော့ စားရေး သောက်ရေးရော ထောက်ပံ့ရတယ်။

အဲဒီလို အထောက်အပံ့တွေ ရှိနေလို့ ယောဂီအသစ်တွေလဲ ချမ်းချမ်းသာသာနဲ့ နေနိုင်ကြတယ်၊ အားထုတ်နိုင်ကြတယ်၊ အဲဒါတွေဟာ အင်မတန် ကျေးဇူးများတာပါပဲ။

အဲဒီယောဂီတွေနဲ့ နေရေးထိုင်ရေး ကျင့်ရေးဆိုတာတွေကတော့ ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းဆရာတွေနဲ့ သက်ဆိုင်ပါတယ်၊ ကမ္မဋ္ဌာန်းဆရာတွေ ပြုပြင်ပေးသင့်သမျှတော့ ပြုပြင်ပေးရတယ်၊ ပြောတန်သမျှတော့ ပြောပေးရတယ်၊ ဒါဟာ ဘုန်းကြီးတို့ရဲ့ တာဝန်ဝတ္တရားပဲ၊ ကမ္မဋ္ဌာန်းဆရာတွေရော အထောက်အပံ့ ပုဂ္ဂိုလ်တွေရော အမျိုးသား အမျိုးသမီး ယောဂီ အဟောင်းအသစ်တွေရော ထိုက်သည့်အားလျော်စွာ သာသနာ့ရိပ်သာမှာ နေပြီးတော့ တရားကျင့်သုံးနိုင်အောင် သာသနာတော် အားပေးနိုင်အောင် လိုတဲ့အကျိုးကနေပြီးတော့ ထောက်ပံ့ဖို့ရာကျတော့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ရဲ့ တာဝန်ပဲ၊ အဲဒီအဖွဲ့က လိုတဲ့အကျိုးကနေပြီးတော့ ထောက်ပံ့နေလို့ အခု သာသနာ့ရိပ်သာမှာ ယောဂီတွေဟာ အင်မတန် များပြားပြီးတော့ ပြည့်စုံနေတာပဲ၊ အင်မတန် အားရစရာ ကောင်းပါတယ်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဆိုတဲ့ အမည်မခံပေမယ်လို့ နေရာဌာနတိုင်းမှာလိုပဲ သာသနာတော်ကို ထောက်ပံ့နေတဲ့ အဖွဲ့တွေဆိုတာ အသီးသီး ရှိကြတာပဲ၊ သူတို့လဲ သူတို့အလိုက်အထိုက် ထောက်ပံ့ကြ၊ အားပေးကြပါတယ်၊ ဒါပေမယ်လို့ ဒီသာသနာ့ရိပ်သာလောက် အားရဖွယ်ကောင်းတာတော့ ဘုန်းကြီးအမြင်အားဖြင့် မရှိဘူးလို့ ထင်ပါတယ်၊ ရဟန်းတော်များအကျကရော အမျိုးသား

http://www.dhammadownload.com

အမျိုးသမီးတွေဘက်ကရော များလဲ များတယ်၊ တရားတွေလဲ တကယ် အားထုတ်ကြတယ်၊ အင်မတန် အားရစရာ ကောင်းပါတယ်။

မြတ်စွာဘုရား၏ သာသနာတော်ဆိုတာ ဒီလိုကျင့်တဲ့ ပုဂ္ဂိုလ်တွေ ရှိမှ သာသနာတော်တက်တာပဲ၊ မကျင့်ယင် မတက်ဘူး၊ ကျင့်တဲ့ ပုဂ္ဂိုလ်တွေ များမှ သာသနာ ကြီးပွားတယ်လို့ ဆိုရတယ်၊ ကျင့်တဲ့ ပုဂ္ဂိုလ်များလေလေ သာသနာကြီးပွားလေလေပဲ၊ အခု ပဋိပတ္တိ သာသနာဘက် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ များသလိုပဲ ဒီဝိပဿနာ လုပ်ငန်းတရားတွေကို ရှိရှိသေသေနာတဲ့ ပုဂ္ဂိုလ်တွေလဲ အတော် တိုးပွားလာတယ်၊ အင်မတန် ဟန်ကျတယ်၊ ဒါဟာ သာသနာပြုတဲ့ ပုဂ္ဂိုလ်တွေရဲ့ ပြုမှုကြောင့်ပဲ၊ ဘုန်းကြီးတို့ရဲ့ ဟောပြောမှုလည်း ရှိပါတယ်၊ ဒီဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကနေပြီး ထောက်ပံ့မှုလဲ ပါတယ်၊ အဲဒါတွေ အာရုံပြုပြီးတော့အဖွဲ့ဝင် ပုဂ္ဂိုလ်တွေဟာ မိမိတို့အတွက် ကျတဲ့ တာဝန်ကို ဆောင်ရွက်တိုင်း ဆောင်ရွက်တိုင်း တို့သာသနာ ပြုနေရတာပဲ၊ ဗုဒ္ဓသာသနာတော်ကြီး တိုးတက်အောင် ဆောင်ရွက်နေရတာပဲ၊ ဆောင်ရွက်တဲ့အတိုင်းလဲ တနှစ်ထက်တနှစ် တိုးတက်လာတာ အင်မတန် ထင်ရှားပါတယ်၊ မနှစ်ကလဲ အရင်နှစ်တွေထက် အများကြီး တိုးတက်လာတယ်၊ နောက်နှစ်တွေလဲ ဒီလိုတိုးတက်ပြီးတော့ သွားမှာပါပဲ၊ အဲဒါဟာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က သာသနာပြု ထောက်ပံ့ပေးလို့ ကြီးပွားလာတာပဲလို့ အာရုံပြုပြီးတော့ မိမိတို့တာဝန်တွေကို ပမ်းမြောက်ဝမ်းသာ တက်တက်ကြွကြွနဲ့ ဆောင်ရွက်သွားကြဖို့ပါပဲ။

အဲဒီလို ဆောင်ရွက်ရာမှာ ခုနက ပြောခဲ့တဲ့အတိုင်း သည်းခံခြင်းအစ ရှိသော ဂုဏ်တို့နှင့် ပြည့်စုံဖို့ ဘုန်းကြီးက အခါတိုင်း ညွှန်ကြားနေကြဖြစ်တဲ့ မေတ္တာကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာမနောကံဆိုတာတွေနှင့်လဲ ပြည့်စုံဖို့ အရေးကြီးတယ်၊ ကိုယ်ပြုလုပ်ဆောင်ရွက်တဲ့ဥစ္စာဟာ သူတပါးကွေအတွက် အကျိုးများပါစေလို့ ရည်ရွယ်ပြီး ပြုတာက မေတ္တာကာယကံပဲ၊ ဒါလဲ တတ်နိုင်သလောက် ပြည့်စုံစေရမယ်၊ မေတ္တာဝစီကံကတော့ ပြောတိုင်း ပြောတိုင်းဟာ သူတပါးတွေမှာ အကျိုးများအောင် သူတပါးတွေမှာ စိတ်ဆင်းရဲ မဖြစ်ရအောင် စိတ်ချမ်းသာရအောင် နူးနူးညံ့ညံ့ ယဉ်ယဉ်ကျေးကျေး ဖော်ဖော်ရွေရွေနဲ့ ပြောဆိုဆက်ဆံဖို့ပါပဲ၊ အဲဒါကလဲ အရေးကြီးပါ

http://www.dhammadownload.com

တယ်၊ ဘာကြောင့်လဲဆိုယင် သင်္ဂဟတရား လေးပါးထဲမှာ ပေါင်းသင်းဆက်ဆံရာတွင် မိမိနဲ့ တန်းတူထားပြီး သကာလ ဆက်ဆံရမယ်တဲ့၊ ကိုယ်က အရည်အချင်း မြင့်နေပေမယ်လို့ အရည်အချင်း နိမ့်တဲ့ပုဂ္ဂိုလ်ကို တန်းတူထားပြီး ဆက်ဆံရမယ်၊ အဲဒါလဲ အရေးကြီးတယ်၊ ကိုယ်နဲ့တန်းတူထားပြီးတော့ ဆက်ဆံလို့ရှိယင် အောက်တန်းကျတဲ့ ပုဂ္ဂိုလ်တွေကလဲ ကျေနပ်တယ်၊ ထိုအဖွဲ့လူကြီးတွေက တို့လိုပုဂ္ဂိုလ်တွေတောင်မှ တန်းတူထားပြီးတော့ ဆောင်ရွက်တယ်၊ အင်မတန် စေတနာကောင်းတယ် ဆိုပြီးတော့ အင်မတန် အားရပါးရရှိပါတယ်၊ ဒါကြောင့် မေတ္တာ ဝစီကံဖြင့် တန်းတူ သဘောထားပြီးတော့ ပြောတဲ့စကားတွေလဲ ချိုချိုသာသာနှင့် သာသာယာယာနှင့် ပြောဖို့ အရေးကြီးပါကယ်၊ အဲဒါတော့ အစည်းအဝေးတွေ စည်းဝေးတဲ့အခါမှာ ပိုပြီးတော့ အရေးကြီးတယ်၊ စည်းဝေးတဲ့ အခါကာလမှာ သူတပါး၏ ချွတ်ယွင်းချက်ကို ပြောစရာ ရှိပေမဲ့လို့ ချိုချိုသာသာ ပြောနိုင်ဖို့ အရေးကြီးတယ်၊ တခြားသူက ဒီလိုပြောသင့် ပြောထိုက်တဲ့စကားတွေ ပြောတဲ့အခါမှာလဲ ရုတ်တရက် စိတ်ထိခိုက်သွားလို့ရှိယင်ဖြင့် စကားကြမ်းကလေးတွေ ထွက်သွားတတ်တယ်။

ရှေးတုန်းကဆိုယင် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ထဲမှာ အပြောကြမ်းတာတွေ မကြာမကြာ ကြားရတယ်၊ တုန်းကြီးစိတ်ထဲလဲ တယ်ပြီးတော့ သဘောမကျဘူး၊ ဘာပြုလို့လဲဆိုတော့ ဘယ်နှယ် အကြမ်းအတမ်းတွေ ပြောနေပါလိမ့်မလဲလို့ ဒီလိုဘုန်းကြီး စိတ်ထဲမှာ အားမရတာတွေ ဖြစ်တယ်၊ အခုတော့လဲ အဲဒီလိုပြောတာ ဆိုတာတွေ မရှိသလောက် နည်းသွားပါပြီ၊ ခေါင်းဆောင် ပုဂ္ဂိုလ်က အဆင်ပြေအောင် ဆောင်ရွက်နေတဲ့အတွက် အားလုံး ညီညီညွတ်ညွတ်နဲ့ အစည်းအဝေးတွေ ဆုံးဖြတ်တာတွေ ပြီးသွားတာပဲ များပါတယ်။

ဒါပေမယ်လို့ တခါတရံပေါ့ အကြောင်းမညီညွတ်လို့ ပြောဆိုမိတာ ရှိတတ်သေးတယ်၊ အဲဒီလို အခါကာလမှာ ကိုယ့်စိတ်ထဲ မနှစ်ခြိုက် သဘောမကျပေမယ်လို့ ကြမ်းတဲ့စကား မပြောဖို့ အရေးကြီးပါတယ်၊ ပြောချင်တဲ့ စိတ်ကလေးကို ရှုမှတ်ရမယ်၊ ရှုမှတ်ပြီးတော့မှ အေးအေးဆေးဆေးနှင့် ဒါက

http://www.dhammadownload.com

ဒီလိုမတော်ဘူး၊ ဘယ်လိုမှ တော်တယ်လို့ ဆိုတာကလေးကို ပြေပြေလည်လည် ပြောဖို့ အရေးကြီးပါတယ်၊ အဲဒါလေးတွေကို ဘုန်းကြီးက ခဏခဏ သတိပေးနေတာပဲ၊ ဘုန်းကြီးတို့လဲ ပြောတဲ့အခါကာလ သတိပြုရပါတယ်၊ ကိုယ်မနှစ်သက်တဲ့ စကားလုံးမကြားရပေမယ်လို့ အဲဒါကိုအကြောင်းပြုပြီး တဘက်သားပုဂ္ဂိုလ် ထိခိုက်သွားအောင်တော့ မပြောမိဖို့ အထူးသတိပြုပါ တယ်၊ ပြောလဲ မပြောခဲ့ပါဘူး၊ ချိုချိုသာသာ ရှင်းရှင်းလင်းလင်း ပြောပြီး တော့ ဖြေရှင်းပြပါတယ်၊ မေတ္တာဝစီကံဆိုတာက အများစုနဲ့ အလုပ်လုပ်တဲ့ အခါ အရေးကြီးပါတယ်၊ အဲဒါကလေးကိုလဲ အထူးသတိပြုဖို့ပါပဲ။

မေတ္တာမနောကံ ဆိုတာကတော့ ချမ်းသာပါစေ၊ ချမ်းသာပါစေလို့ မေတ္တာပွားဖို့ပဲ၊ ဒါကတော့ မြင်ရတာလဲမဟုတ်၊ ကြားရတာလဲ မဟုတ်၊ စိတ်နှလုံးသွင်းရုံမျှပါပဲ၊ သူများသိလောက်အောင် မတော်တာပြုမိတဲ့ ကာယ ကံ ဆိုတာကတော့ အင်မတန် နည်းပါးတယ်၊ဒါကတော့နည်းလဲနည်းရမှာပဲ။

အဲဒါကြောင့် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်က ဆောင်ရွက်ပြီးစီးတာ တွေဟာ အခုဆိုယင် အခါတိုင်းထက် ပြည့်စုံပြီး တိုးတက်နေပါပြီ၊ အဲဒီ တိုးတက်သထက် တိုးတက်အောင် တို့ဆောင်ရွက်နေရမယ်၊ တို့ဆောင် ရွက်တဲ့အတိုင်းလဲ မြတ်စွာဘုရား၏ သာသနာတော်မှာ ပဋိပတ္တိ သာသ နာတော်ဟာ တနှစ်ထက်တနှစ် တိုးတက်ပြီးတော့ လာမယ်၊ တိုးတက်အောင် ဆောင်ရွက်ရတယ်လို့ အားရုံပြုပြီး ပမ်းမြောက်ဝမ်းသာ တက်တက်ကြွကြွနဲ့ ဆောင်ရွက်သွားကြဖို့ပါပဲ၊ ဆောင်ရွက်တဲ့အခါမှာလဲ မေတ္တာကာယကံ၊ မေတ္တာဝစီကံတို့ဖြင့် ပြေပြေပြစ်ပြစ် ဖြစ်အောင် ဆောင်ရွက်သွားကြဖို့ရာ ဘုန်းကြီးက ယပ်မံပြီး သတိပေးတဲ့အနေနဲ့ ဩဝါဒစကား ပြောကြား ပါတယ်။

အဲဒီဩဝါဒအတိုင်း မေတ္တာကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာမနော ကံဖြင့် ဆောင်ရွက်နိုင်ကြသည်ဖြစ်၍ မိမိတို့အလိုရှိအပ်သော ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ကြီး၏ တိုးတက်ကြီးပွားခြင်း သာသနာတော်၏ တိုးတက် ကြီးပွား ခြင်းကိုလဲ မျက်မြင်တွေ့ကြပြီးလျှင် မိမိတို့ကိုယ်တိုင်လဲပဲ ကျင့်သင့်တဲ့တရား ကို ကျင့်သုံးအားထုတ်ကြ၍ အလိုရှိအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေ။

(သာဓု....သာဓု....သာဓု)

http://www.dhammadownload.com

၁၉၇၈-၇၉ ခုနှစ်တွင် မိန့်ကြားတော်မူသော

ဩဝါဒ မိန့်ခွန်းတော်

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီး စပြီး ဖွဲ့စည်းတည်ထောင် ခဲ့တာဟာ ၁၃၀၉-ခုနှစ်၊ နတ်တော်လဆန်း (၁) ရက်၊ (၁၃-၁၁-၄၇) နေ့ကလို့ သိရပါတယ်၊ အဲဒီအခါတုန်းကတော့ ဘုန်းကြီးတို့က ဒီဌာနကို မရောက်သေး ပါဘူး၊ ဒီဌာနကိုလဲ အဲဒီတုန်းက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ တည်ရာအဖြစ် ဖြင့် အသိအမှတ်မပြုရသေးဘူးလို့ ဆိုပါတယ်၊ အဲဒီကနောက် (၂၆-၉-၄၈) ရက်နေ့ကမှ ဆယ်ကြိမ်မြောက် အမှုဆောင်အဖွဲ့ကျင်းပတဲ့အခါမှာ အဖွဲ့၏ ဥက္ကဋ္ဌကြီးဖြစ်သည့် ဒါယကာကြီး ဆာဦးသွင်က ဒီနေရာဌာနကို အဖွဲ့ချုပ် အား လှူဒါန်းပေးအပ်သဖြင့်အဲဒီအခါကမှ ဒီဌာနဟာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ချုပ်၏တည်ရာဌာနဖြစ်လာခဲ့ပါတယ်။ ၁၃၁၀-ခုနှစ်၊ တပို့တွဲလက ဒီဌာနမှာ တိပိဋကဓရရွေးချယ်ပွဲကြီးကိုလဲ စရ်ကျင်းပခဲ့ပါတယ်၊ အဲဒီအချိန်မှစပြီးတော့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က ပရိယတ္တိ သာသနာပြုစုတဲ့ဘက်ကလဲ အင်မတန် ထူးထူးခြားခြား အောင်မြင်အောင် ဆောင်ရွက်လာခဲ့ပါတယ်၊ ယခုတော့ အဲဒီ တိပိဋကဓရရွေးချယ်ပွဲကိစ္စကို အစိုးရက တာဝန်ယူပြီး အပြည့်အစုံ ဆောင်ရွက်နေသောကြောင့် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီးက အထူး ဆောင်ရွက်ဖို့ မလိုတော့သဖြင့် နေရာဌာနများ အသင့်ပြင်ဆင်ပေးခြင်းစသော လိုရာရာဘက်မှသာ တတ်နိုင်သမျှ ကူညီဆောင်ရွက်နေရပါတော့တယ်။

ဘုန်းကြီးတို့ ဒီဌာနကိုရောက်လာခဲ့တဲ့ ၁၃၁၁-ခုနှစ်ကတော့ ဒီအဖွဲ့ချုပ် ကြီး၏ ၂-နှစ်မြောက်ဖြစ်ပါတယ်၊ အဲဒီတုန်းက နတ်တော် လပြည့်နေ့မှာ ဘုန်းကြီးတို့၏ ညွှန်ကြားချက်အရ ဝိပဿနာ ကမ္မဋ္ဌာန်း ရိပ်သာအဖြစ် စတင် ဖွင့်လှစ်ပြီးတော့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီးက ပဋိပတ္တိသာသနာပြောင်း ကို ထူးထူးခြားခြားပြုစုဆောင်ရွက်လာခဲ့ပါတယ်၊ ဒီဌာနမှာ ရိပ်သာဖွင့်လှစ် ပြီးခါစတုန်းကတော့ ယခုလို အားထုတ်ကြတဲ့ ယောဂီတွေဟာ သိပ်မများလှ

http://www.dhammadownload.com

သေးပါဘူး၊ အစိတ်သုံးဆယ်စသည်လောက်ပဲ ရှိခဲ့ပါတယ်၊ ဒါပေမယ့် နောက် နောက်နှစ်များကျတော့ တနှစ်ထက် တနှစ် တရားအားထုတ်ကြသည့် ယောဂီ တွေဟာ များစွာတိုးတက် လာခဲ့ပါတယ်၊ ၁၃၄၀-ခု ဒီနှစ်အတွင်းမှာတော့ သာပြီး တိုးတက် များပြားလာပါတယ်၊ နှစ်ပတ်လည်ပူဇော်ပွဲမှာ လာရောက် ကြတဲ့ ပရိသတ်တွေလဲ အလွန်ပင်များပါတယ်။ အဲဒီလို အလွန်ပင်များ ပါလျက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က စီစဉ်ဆောင်ရွက် ပေးသောကြောင့် အစစအရာရာ အဆင်ပြေနေတာဟာ အလွန်ပင် အားရနှစ်သက်စရာ ဝမ်း မြောက်စရာကောင်းပါတယ်။

လွန်ခဲ့တဲ့ ၁-နှစ်လောက်မှ ရှေးကာလများကဆိုလျှင် ဒီသာသနာ့ရိပ်သာ နယ်မြေဟာ အဖွဲ့ပိုင်နယ်မြေ ဖြစ်သော်လဲ အကာအရံတွေက မပြည့်စုံသေး သောကြောင့် အနှောက်အယှက် ဘေးရန်အန္တရာယ်မကင်းပဲ ရှိခဲ့ပါတယ်၊ ရိပ်သာနှင့်မဆိုင်တဲ့လူတွေက ဒီရိပ်သာထဲကို ဝင်လိုက် ထွက်လိုက်နဲ့ သူတို့အလို အတိုင်းပြုလုပ်နေကြတယ်၊ ဖြတ်သန်းသွားလာတဲ့ လမ်းအဖြစ်နဲ့လဲ အသုံးပြုနေ ကြတယ်၊ ဒါကြောင့် တရားအားထုတ်နေတဲ့ယောဂီတွေမှာ အနှောက်အယှက် အန္တရာယ်တွေကို မကြာခဏတွေ့နေကြရတယ်။ ယခုတော့ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်က အုတ်တံတိုင်းအရံအတားကို အပြည့်အစုံပြုလုပ်ထားပြီးဖြစ်သော ကြောင့် အစစအရာရာလုံခြုံနေပါပြီ၊ ဒါပေမယ်လို့ ယောဂီတွေက အင်မတန် များများ လာသောကြောင့် နေရာထိုင်ခင်းစသည် တိုးတက်ပြည့်စုံအောင် ရှေ့ဆက်ပြီး တိုးတက် ကြိုးစားကြရ ဆောင်ရွက်ကြရပါလိမ့်ဦးမယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ဘေးကလဲ သဒ္ဓါတရားနဲ့ အားပေးတဲ့ပုဂ္ဂိုလ်တွေ တိုးတက် များပြားလာတာကိုလဲ တွေ့ရပါတယ်၊ အဲဒါဟာ အဖွဲ့ဝင် ပုဂ္ဂိုလ်တွေ၏ ဆောင်ရွက်ချက် အပေါ်မှာတည်တာပါပဲ၊ အဖွဲ့ဝင်ပုဂ္ဂိုလ်တွေဟာ မိမိတို့၏ တာဝန် ဝတ္တရားကိုသိတဲ့အတိုင်း အများပုဂ္ဂိုလ်တွေရဲ့ သဒ္ဓါဆန္ဒအပြည့်အစုံ ဖြစ်ရအောင်ဆောင်ရွက်နိုင်တာဟာ အင်မတန်အရေးကြီးပါတယ်။ ဘုန်းကြီး တို့ကလဲ နှစ်စဉ်နှစ်တိုင်း ဒီလိုဩဝါဒမျိုးကိုပေးနေတာပါပဲ၊ ဒီနှစ်လဲ ဩဝါဒ ပေးစရာ အထူးတော့ မရှိပါဘူး၊ အခါတိုင်းလိုပင် ထပ်ပြီး ပြောကြားရ မှာပါပဲ။

http://www.dhammadownload.com

သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ-လို့—

မြတ်စွာဘုရားက ဟောကြားထားတာရှိပါတယ်၊ သံဃဿ-သံဃာတော်၏၊ သာမဂ္ဂီ-ညီညွတ်ခြင်းသည်၊ သုခါ-ချမ်းသာပဲ၊ ချမ်းသာဖို့ အကြောင်းပါပဲတဲ့။ အဲဒါဟာ သံဃာတော်၏ညီညွတ်ခြင်းကို ခေါင်းတပ်ပြီး ဟောပြထားတာပါပဲ၊ သိနားလည်ဖို့လိုတာကတော့ သံဃာသာမဟုတ်ပါဘူး၊ လူပုဂ္ဂိုလ်တွေရော အားလုံးဟာ ညီညွတ်နေယင် ချမ်းသာကြမှာချည်းပါပဲ၊ အရပ်ထဲမှာရှိတဲ့လူတွေညီညွတ်နေယင် အဲဒီတရပ်လုံးချမ်းသာဖို့ပဲ၊ ကရွာလုံး ညီညွတ်နေယင်လဲ တရွာလုံးချမ်းသာဖို့ပဲ၊ တမြို့လုံးညီညွတ်နေယင်လဲ တမြို့လုံးချမ်းသာဖို့ပဲ၊ တနိုင်ငံလုံး ညီညွတ်နေယင်လဲ တနိုင်ငံလုံးချမ်းသာဖို့ပဲ၊ တကမ္ဘာလုံး ညီညွတ်နေယင်လဲ တကမ္ဘာလုံးချမ်းသာဖို့ပဲ၊ မညီညွတ်ယင်တော့ ဆင်းရဲဖို့ချည်းပဲ၊ ကမ္ဘာလောကကြီးထဲမှာလျှောက်ကြည့်ယင် မညီညွတ်ကြတာကြောင့်ဆင်းရဲနေကြကြောင်း ထင်ရှားသိရပါတယ်။ ဒါပေမယ့် တကမ္ဘာလုံးကို ညီညွတ်အောင် ဆောင်ရွက်ဖို့ဆိုတာကတော့ မလွယ်ပါဘူး၊ ခက်ပါတယ်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဆိုတာကတော့ မြတ်စွာဘုရား၏ သာသနာတော်ကို ချီးမြှောက်ရန်အဖွဲ့ဖြစ်သောကြောင့် သာသနာတော်ကို တိုးတက်ကြီးပွားအောင် အညီအညွတ်ဆောင်ရွက်ဖို့ပါပဲ၊ အဲဒီလို ဆောင်ရွက်ရာမှာ ပဋိပတ္တိသာသနာဘက်က အချိုးကျကျ အညီအညွတ်ဆောင်ရွက်နေတာကို ပြသနိုင်ကြသည့် ပုဂ္ဂိုလ်တွေ အဆင်သင့်အပြည့်အစုံရှိနေဖို့လိုပါတယ်၊ အခုနေမှာတော့ ဒီရိပ်သာမှာ အဲဒီလိုဟောပြောနိုင်တဲ့ ပုဂ္ဂိုလ်တွေက ပြည့်စုံနေတာဟာ အင်မတန်ကောင်းပါတယ်၊ အရပ်ရပ်အနယ်နယ်လှည့်ပြီး ဟောပြောနိုင်တဲ့ ပုဂ္ဂိုလ်တွေကလဲ အတော်များများ ရှိနေပါတယ်၊ ပဋိပတ္တိသာသနာတော် တိုးတက်ခြင်း၏ အကြောင်းပါပဲ၊ အဲဒီလိုသာသနာပြု ပုဂ္ဂိုလ်တွေ ပြည့်စုံနေတာဟာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ အညီအညွတ်အားပေး ထောက်ပံ့ခြင်းနဲ့လဲ ဆိုင်ပါတယ်၊ သုခါ သံဃဿ သာမဂ္ဂီ-လို့ ညွှန်ပြထားတဲ့ ဂတိုင်း အဖွဲ့ဝင်ပုဂ္ဂိုလ်တွေအားလုံး အညီအညွတ်ဖြစ်နေလို့ ဒီလိုပြည့်စုံနေတာပါပဲ။

ဒါကြောင့် တာဝန်ဆောင် အဖွဲ့ဝင်တွေအချင်းချင်း အားလုံးညီညွတ်နေကြသလိုပင် တာဝန်ဆောင်မဟုတ်တဲ့ သာမန်အဖွဲ့ဝင်တွေနဲ့လဲ ညီညွတ်

http://www.dhammadownload.com

အောင်၊ အဖွဲ့သို့လာရောက်ကြတဲ့ အခြားပုဂ္ဂိုလ်တွေနဲ့လဲ ညီညွတ်အောင် အထူးသတိပြုကြစေလိုပါတယ်၊ ဒီလိုညီညွတ်ဖို့ရာကလဲ မေတ္တာကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာမနောကံဆိုတဲ့ ဒီကံ ၃-ပါးနဲ့ ပြည့်စုံနေကြဖို့ပါပဲ၊ မေတ္တာကာယကံဆိုတာ သူတပါးအား ကိုယ်စိတ်ဆင်းရဲစေတဲ့ အမှုကိုမပြုပဲ ကိုယ်စိတ်ချမ်းသာစေတဲ့အမှုကိုသာ ပြုလုပ်၍ ကူညီအားပေးမှုပါပဲ။ အဖွဲ့ဝင် ပုဂ္ဂိုလ်တွေဖြစ်စေ၊ အခြားက ပုဂ္ဂိုလ်တွေဖြစ်စေ မိမိတို့ထံရောက်လာယင် တတ်နိုင်သမျှ အကူအညီပေးဖို့ပါပဲ။ မေတ္တာဝစီကံဆိုတာ သူတပါးတွေအား အကျိုးမဲ့ ဖြစ်စေမည့်စကား၊ နားမချမ်းမသာ ဖြစ်စေမည့် စကားမျိုးကို မပြောပဲ နားဝင်ချိုပြီး အကျိုးများစေမည့်စကားမျိုးကိုသာ ပြောဆိုဖို့ပါပဲ။ မေတ္တာမနောကံ ဆိုတာကတော့ သူတပါးအား ချမ်းသာပါစေလို့ ကြံစည်မှု နှလုံးသွင်းမှု မေတ္တာပွားစေမှုပါပဲ၊ အဲဒါကတော့ သူများက မမြင်နိုင် မကြားနိုင်မတွေ့နိုင်တာမို့ သိပ်အရေးမကြီးဘူးလို့ထင်စရာပါပဲ၊ ဒါပေမယ့် အဲဒီ စိတ်ကူးကြံစည်မှုဖြင့် မတော်မသင့်တာကို ကြံစည်မိလျှင် စိတ်ဆိုးဖြစ်မွားပြီး ရန်ငြိုးဖြစ်ပွားစေမိလျှင် မေတ္တာကာယကံ-မေတ္တာဝစီကံတွေလဲ မဖြစ်ပဲ ဆုတ်ယုတ်ဆုံးရှုံး သွားတတ်တယ်၊ ဒါကြောင့် သူတပါးက မတော်မသင့်တာ ကိုပြုသော်လဲ၊ ပြောဆိုသော်လဲ စိတ်ဆိုးဖြစ်မွားမှုမဖြစ်စေပဲ သည်းခံပြီး မေတ္တာမနောကံကို ဖြစ်ပွားစေဖို့ပါပဲ၊ အဲဒီလိုဖြစ်ပွားစေလျှင် အစစအရာရာ ညီညွတ်ပြီး အကျိုးများတတ်ပါတယ်။ ဘုန်းကြီးတို့ကတော့ အဲဒီအတိုင်းပဲ နှလုံးသွင်းနေပါတယ်၊ သူများတွေက ဘုန်းကြီးတို့ ဟောပြောဆောင်ရွက် နေတာကို သဘောမကျလို့ ဘယ်လိုပင်ပြစ်မွား ပြောဆိုနေကြပေမဲ့ ဘုန်းကြီး တို့က သူတို့ကိုမပြစ်မွားပါဘူး၊ ရန်ငြိုးလဲ မထားပါဘူး၊ မသိလို့ နားမလည် လို့မွားပြီး ပြောနေကြတာပဲလို့ ဒီလိုနှလုံးသွင်းပြီး သည်းခံနေတာပါပဲ။ ဗုဒ္ဓ သာသနာနုဂ္ဂဟအဖွဲ့ဝင် ဒါယကာတွေလဲ အဲဒီနည်းအတိုင်းပဲ နှလုံးသွင်း သည်းခံပြီး မေတ္တာမနောကံပွားစေကာ မေတ္တာကာယကံ မေတ္တာဝစီကံ တို့ဖြင့် ဗုဒ္ဓသာသနာတော်၏ အကျိုးများရာ များကြောင်းကိုသာ အညီ အညွတ်ဆောင်ရွက်သွားကြဖို့ပါပဲ။

ဘုန်းကြီး ယခုပြောပြလာတာဟာ အတိုချုပ်အားဖြင့် ပြည့်စုံပါပြီ၊ ဒါကြောင့် နိဂုံးချုပ်အဆုံးသတ် ဩဝါဒစကားကို မြွက်ကြားပါတော့မည်။

http://www.dhammadownload.com

ဗုဒ္ဓမြတ်စွာဘုရား၏ ပဋိပတ္တိသာသနာတော် တိုးတက်ရေးနှင့် စပ်ပြီးတော့ မေတ္တာကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာမနောကံတို့နှင့် ပြည့်စုံစေလျက် ဆောင်ရွက်သမျှကို စွမ်းနိုင်သလောက် တိုးတက်ဆောင်ရွက် ကြသည်ဖြစ်၍ မိမိတို့ အလိုရှိအပ်သော ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြပါစေ။

(သာဓု....သာဓု... သာဓု)

http://www.dhammadownload.com

၁၉၇၉-၈၀ ခုနှစ်တွင် မိန့်ကြားတော်မူသော

သြဝါဒ မိန့်ခွန်းတော်

ယခု ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ဘုန်းကြီးတို့ရောက်ပြီးမှ နှစ်စဉ် နှစ်တိုင်း နှစ်ပတ်လည် အစည်းအဝေးကြီး ကျင်းပနေဒါပါပဲ။ အဲဒီလိုကျင်းပတဲ့အခါ တိုင်း ဘုန်းကြီးက ဒီမှာရှိနေတဲ့အခါဆိုယင် သြဝါဒစကားရှေးဦးစွာ ပြောရ ပါတယ်။ တနှစ်ထက်တနှစ်ထူးပြီးတော့ ပြောဖို့ဟာလဲ တယ်ပြီးမရှိပါဘူး။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့မှ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက် တာကလေးတွေ လောက်ပြောရမှာဆိုတော့ နှစ်စဉ်နှစ်တိုင်းလဲ ဒီလိုပဲ ပြောစရာရှိတာကလေး တွေဟာ တယ်ပြီးမထူးပါဘူး။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ထဲမှာ ဝင်ရောက်ပြီးတော့ ဗုဒ္ဓသာသနာ၏အကျိုး ကို ဆောင်ရွက်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ မိမိတို့တတ်နိုင်သမျှ ကူညီအားပေးဖို့ အထူးသတိပြုဖို့ရာပါပဲ၊ တချို့တချို့မှာ ဒီလိုဘာသာရေးအဖွဲ့တွေရှိနေပေမယ် လို့ အဖွဲ့တွေကို စည်းဝေးခြင်း၊ အဖွဲ့တွေက အကြံဉာဏ်ပေးခြင်း စသော အလုပ်တွေကို ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းက မလုပ်ကြဘူး။ ဒီလိုမလုပ်ကြပဲ ခပ်အေးအေးနေကြတယ်၊ လုပ်တဲ့ပုဂ္ဂိုလ်တွေက အနည်းငယ်ပဲရှိတယ်။ ဒါပေမဲ့ ဒီက ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးမှာတော့ အဖွဲ့ဝင်ပုဂ္ဂိုလ်တွေမှာ အခြား အဖွဲ့ဝင်များလို အစစအရာရာ စားရေး သောက်ရေးမှစပြီးတော့ စီးပွား ရေး အလုပ်အားကိုးစရာ ရှိတာမဟုတ်ဘူး။ ဒါကြောင့် သာသနာရေး သက်သက်ကိုသာ ကိုယ်တတ်နိုင်သမျှ နေ့စဉ်လာရောက်ပြီးတော့ ဆောင်ရွက် နေကြတယ်။

အခုဒီမှာတော့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် ပုဂ္ဂိုလ်တွေက ဆောင်ရွက်ပုံ တွေဟာ အင်မတန်ကောင်းပါတယ်။ အရေးကြီးတဲ့ ကိစ္စတွေ တတ်နိုင်သမျှ ဆောင်ရွက်ပြီးတော့ နေကြတယ်။ ရှေးတုန်းကဆိုလို့ရှိယင် သြဝါဒါစရိယ ကမ္မဋ္ဌာန်းဆရာတွေ နေရေးထိုင်ရေးအတွက် နေဖို့ရာထိုင်ဖို့ရာ ကျောင်း

http://www.dhammadownload.com

အဆောက်အဦတွေဟာ သိပ်မပြည့်စုံဘူး။ အမျိုးသမီးတွေ နေဖို့ထိုင်ဖို့ကလဲပဲ သိပ်မပြည့်စုံဘူး။ အခုနေအခါတော့ အတော်တော့ ပြည့်စုံနေပါပြီ။ မျက်စိနဲ့ ကြည့်လိုက်ယင်ကိုပဲ အဆောက်အဦတွေ ကြည့်ရသောအားဖြင့် အားရစရာ၊ ဝမ်းသာစရာ အင်မတန်ကောင်းပါတယ်။

ဒီကဝင်ဝင်ခြင်း ဒီဖလ်ယဉ်ဓမ္မာရုံကြီးကို ပထမစပြီးတော့ တည်ထောင်တယ်။ အဲဒီကနောက် လွန်ခဲ့တဲ့ ၁၃၃၁-ခုနှစ်လောက်က ဘုန်းကြီးကိုယ်တိုင် နေရာ မဟာစည်ကျောင်းလဲပြီးတာကြာပါပြီ။ နောက်ပြီးတော့ မော်ကွန်း ရှံရှဲအရှေ့တောင်က ကမ္မဋ္ဌာန်းသရာတော်များ နေဖို့ဆိုပြီးတော့ ကျောင်း အဆောက်အဦတွေ သုံးကျောင်း ဖြစ်ပေါ်လာခဲ့တယ်။ ပထမတုန်းကတော့ အဲဒီအဆောက်အဦတွေ ဆောက်မဲ့ပုဂ္ဂိုလ်တွေ ပေါ်လာပါတယ်။ အစတုန်းက ဆိုယင် သိပ်ပြီးထူးထူးခြားခြားရှိမယ် မထင်ရသေးဘူး။ တော်ရုံသင့်ရုံပဲ ဆောက်မေ့တယ်။ ဒါကြောင့် ပထမဆုံးဆောက်တဲ့ အလယ်ပိုင်း အဆောက် အဦက နောက်ထပ်ဆောက်တဲ့ အဆောက်အဦ နှစ်ခုလောက် မကောင်း လှဘူး။ အဲဒီအဆောက်အဦတွေတွေ့ရယင်ကိုပဲ အင်မတန်ဝမ်းသာစရာကောင်း ပါတယ်။ အမြင်အားဖြင့် ကြည်ညိုစရာ ဝမ်းသာစရာတွေပါပဲ။

အမျိုးသမီးတွေအတွက် ဆိုလို့ရှိယင်တော့ ဒီဘက်ပိုင်းကရော တောင်ဘက် အရှေ့ပိုင်းမှာရော အဆောက်အဦတွေ အင်မတန်များတာပဲ။ အခုနေထိုင် စရာတွေ အင်မတန်ကောင်းတာပဲ။ နေစရာ ထိုင်စရာတွေအပြင် ရေတို့ မီးတို့ ဆိုတာကလဲပဲ အရေးကြီးပါတယ်။ ရေလဲပဲ အခုနေကာလမှာ ရေကန်ကြီး တွေနဲ့ ထည့်ထား လှောင်ထားပြီး ဒီကန်ကထုတ်ပြီး သုံးရတယ်။ အခြားအခြား နေရာတွေမှာ ရေအသုံးလိုနေပေမယ်လို့ ဒီဗုဒ္ဓသာသနာနုဂ္ဂဟဌာနမှာတော့ ရေသုံးစရာ ပြည့်စုံပါတယ်။ ဒီကိုလာပြီး တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေလဲပဲ တော်တော် သဘောကျကြပါတယ်။ ရေလဲ ပေါ်တယ်ဆိုပြီး ဒါလဲ အင်မတန် ကောင်းပါတယ်။

နောက်ပြီးတော့ အမျိုးသမီးတွေ နေဖို့ရာဆိုတာလဲ အရေးကြီးပါတယ်။ အမျိုးသား လူဝတ်ကြောင် ယောဂီဆိုတာကတော့ အရပ်ရပ်မှာ သိပ်မများ ပါဘူး။ ဒီဌာနမှာတော့ တော်တော်များပါတယ်။ ဒါပေမယ်လို့ အမျိုးသမီး ယောဂီတွေကပဲ ပိုပြီးမတော့ များတယ်။ သူတို့နေထိုင်စရာများ ရှိဖို့လိုတယ်။

http://www.dhammadownload.com

အဲဒါလဲပဲ ဗိဋ္ဌာနမှာ ပဌမ အဆောက်အဦ အဟောင်းတွေကလဲ ဆောက်ထားပြီး ရှိနေပါတယ်။ အသစ်လဲပဲ ဆောက်ကြပါတယ်။ အဟောင်းတွေကို သင့်တင့် လျောက်ပတ်အောင် ပြင်ဖို့လိုတာလေးတွေလဲ ပြင်ပြီးပေးကြတယ်။ အင်မတန် အဆင်ပြေပါတယ်။ ဝမ်းသာစရာပါပဲ။

အဲဒီလို ဆောင်ရွက်ကြရတယ် ဆိုတာဟာလဲ သာမန် ပုဂ္ဂိုလ်တွေမှာ မဖြစ်နိုင်ပါဘူး။ ဆောင်ရွက်ပုံ ဆောင်ရွက်နည်း စနစ်ကို နားလည်မှ ဖြစ်နိုင်ပါတယ်။ မြော်မြင်ကြည့်လို့ရှိယင်ဖြင့် ဒီလိုလုပ်ရမယ်၊ ဒီလိုလုပ်သင့်တယ် ဆိုတာလေးတွေကိုသဘောပေါက်မှ အဲဒါမှ ဆောင်ရွက်လို့ပြီးတယ်။ အချို့က စေတနာကောင်းနဲ့ ဆောင်ရွက်ချင်ပါတယ်။ ဒါပေမယ်လို့ ဘယ်လို ဆောင်ရွက်ရမယ်ဆိုတာ မသိယင် ဆောင်ရွက်လို့မဖြစ်ဘူး။ အခု ဒီမှာဆောင်ရွက်ကြတာ အင်မတန် အဆင်ပြေပါတယ်။

အဲဒါကြောင့် ဟိုတုန်းကတည်းက ဘုန်းကြီးက ဩဝါဒစကားတော့ ရိုးရိုးပဲ ပေးခဲ့တာပါပဲ။ ဥဋ္ဌာနသမ္ပဒါ၊ အာရက္ခသမ္ပဒါ၊ ကလျာဏမိတ္တာ၊ သမဇီဝိတ ဆိုတာ အဲဒီဟာတွေနဲ့ ပြည့်စုံယင်ကောင်းတယ်လို့ ရိုးရိုးမှတ်သိရတာပါပဲ။ အဲဒီတုန်းက ဘုန်းကြီးက ဩဝါဒစာရွက်လေးတခုနဲ့ ဟိုတုန်းကရိုက်ထားတယ်။ အဆင်ပြေသွားတယ်။

အခုနေအခါ ဘုန်းကြီးဟိုက ထပ်ပြီးတော့ အကြံဉာဏ်ပေးချင်တာလဲ ရှိနေပါတယ်။ ဒီကအဖွဲ့ဝင် ဒကာကြီးတွေရော ဒီပြင်ပုဂ္ဂိုလ်တွေရော စေတနာကောင်းနဲ့ ဆောင်ရွက်နေကြတာကိုရော ဆောင်ရွက်လိုတဲ့စေတနာကောင်း ရှိနေကြတာကိုရော သိနေပါတယ်။ ခုနေအခါလို နေတာကတော့ အမျိုးသား ယောဂီနဲ့ ရဟန်းယောဂီတွေအတွက် နေရာထိုင်ခင်းပြည့်စုံသင့်သလောက် မပြည့်စုံသေးပဲ ဖြစ်နေတာပါပဲ။

ဘုန်းကြီးတို့ အမေရိကန် ရောက်နေစဉ်တွင်က ဘုန်းကြီးတို့ ရောက်ရာ တိုက်တွေမှာ အဆင့်ဆင့်ရှိနေကြတာ တွေ့ရတယ်။ ဆယ်ဆင့်ဆိုတာ အနည်းကလေးပဲ၊ ဆယ်ဆင့် ကျော်နေတာကပဲ များပါတယ်။ ဗမာပြည်မှာ ဒီမဟာစည်သာသနာ့ရိပ်သာထဲမှာလဲ နေရာထိုင်ခင်းကလဲ ယောဂီများသလောက် ကျယ်ကျယ်ပြန့်ပြန့် မရှိသေးဘူး။

http://www.dhammadownload.com

ဒါကြောင့် ဒီက အဆောက်အဦကလေးတွေကိုလဲ အနည်းဆုံး ၂ ထပ်လောက်လုပ်ပေးယင်ဖြင့် တော်ကော်နေလို့ ဟန်ကျမှာပဲလို့ ဟိုတုန်းကတည်းက ဘုန်းကြီးကဒီမလာခင်ကတည်းက စိတ်ကူးမိပါတယ်။ အဲဒီလိုစိတ်ကူးရပြီးတော့ ဒီလိုပဲ အမှတ်တမဲ့ နေခဲ့ပါတယ်။ ဒီလိုနေယင်းနဲ့ အခု အကြောင်းမညီညွတ်တော့ နေမကောင်းတာနဲ့ လာပြီးတော့ တွေ့ရပါတယ်။ နေမကောင်းတော့ ခါတိုင်း ခါတိုင်း ဒီလောက်နေမကောင်းတာမျိုး တယ်မတွေ့ရပါဘူး။ ယခု အတော် ပင်ပန်းနေတာပါပဲ။

အဖျားဆိုပေမယ်လို့ အပူရှိန်တွေက များနေတာကိုး။ အအေးက မရှိပါဘူး။ အဲဒီရောဂါ တွေ့မှုနဲ့စပ်ပြီး အဆောက်အဦ ကုသိုလ်ပြုချင်တဲ့ စိတ်ကူးပေါ်လာပါတယ်။ အဲဒီစိတ်ကူးရဲ့ အထောက်အထားကလေးကစပြီး ပြောချင်ပါတယ်။ ဘယ်လိုဟာလဲဆိုတော့ကာ ယခုဘုန်းကြီးနေတဲ့ ကျောင်းရဲ့ ဘေးကပေါ့လေ၊ တိုးချဲ့ပြီးတော့ အဆောက်အဦ ဆောက်ဖို့ ဒါက စောစောကတည်းက ဘုန်းကြီးက ညွှန်ကြားခဲ့တာ ကြာပါပြီ။ အဲဒါက ဘုန်းကြီးရဲ့ ရုပ်တုတော်ထားဖို့ အခြားယောဂီ ပရိသတ်တွေလဲ တရားအားထုတ်ဖို့ စသည်အတွက် မဟာစည်ကျောင်းတော်ကို တိုးချဲ့ ဆောက်လုပ်ဖို့ပါပဲ။ အဲဒီလို ပြောပြီးတော့ ညွှန်ကြားထားခဲ့ပါတယ်။ ဘုန်းကြီးတို့ နိုင်ငံခြားသွားနေတုန်း ပြီးအောင်ဆိုပြီး ပြုလုပ်လာခဲ့ကြတာပါပဲ။ ဘုန်းကြီးတို့ ပြန်လာသည့်တိုင်အောင် ကောင်းကောင်းတော့ မပြီးသေးဘူး။ ခုတော့ ပြီးသလောက် ရှိနေပါပြီ။

ဒါပေမဲ့ ဒီအထဲကနေပြီးတော့ စကြံဆောက်ဖို့ ဆိုပြီးတော့ တခါဆောက်ကြပြန်ပါတယ်။ အဲဒါတော့ ဘုန်းကြီးက တားမြစ်လိုလဲမကောင်း အားပေးဖို့ဟာလဲပဲ သိပ်ပြီးမလိုဘူး။ ခုနေအခါကာလမှာ ယောဂီပုဂ္ဂိုလ်တွေ နေထိုင်ဖို့ရာက ပိုပြီး အရေးကြီးပါတယ်။ စကြံအဆောက်အဦ လုပ်နေယင်ဖြင့် အဲဒီအတွင်းမှာတော့ အခြားအဆောက်အဦတွေ ဆောက်ဖို့ဟာ အချိန်မရှိဘူး။ ဒါကြောင့် ဒီဥစ္စာတော့ တယ်မလိုဘူးလို့ အောက်မေ့ပါတယ်။ ဒါပေမဲ့လို့ သူ့စေတနာနဲ့ သူတို့ စေတနာကောင်းတဲ့ ပုဂ္ဂိုလ်တွေကလည်း စကြံဆောက်လှူချင်ကြတာကိုး။ အဲပထမ စပြီးတော့ ဦးစိန်ဖေက ဆောက်ချင်တယ်လို့ ပြောပါတယ်။ အဲဒါကို မလိုလှပေမယ့်လဲ ကိုယ့်သဘောနဲ့ကိုယ် ဆောက်ချင်ဆောက်ပေါ့လေလို့ ပြောထားရပါတယ်။

http://www.dhammadownload.com

ဘုန်းကြီးက အခု နေမကောင်း ထိုင်မသာ ဖြစ်လာတော့ တနေ့တချိန်ကျ လို့ရှိယင် ဒီလို နေမကောင်း ထိုင်မသာ ဖြစ်ပြီးတော့ သေချင်လဲသေနိုင်တာပဲ။ သေသွားလို့ရှိယင် ဘုန်းကြီးတို့ ပိုင်ဆိုင်ပြီးတော့နေတဲ့ ပစ္စည်းဥစ္စာတွေလဲပဲ ဘာမှ အသုံးမကျပဲနဲ့ အလဟဿ ဖြစ်ကုန်မယ်။ ဒီတော့ ဘုန်းကြီးက တတ်နိုင်သမျှ အဆောက်အဦ ဆောက်ရအောင်လို့ အခြေခံ ရွေသွားအမနေနဲ့ အလှူဝင်ထားယင် ကောင်းမယ်လို့ ဘုန်းကြီးက ဒီလိုစဉ်းစားထားမိတယ်။

ဟိုက ၁-၂-၃-၄-၅ အဲဒီ တိုက်တန်းတွေကို ကျောင်းသုံးခုနဲ့ နှစ်ခုကို တဆောင်စီ ဆောက်လုပ်ချင်လုပ်၊ ဒါမှမဟုတ်ယင်လဲ တခုနဲ့တခုခြားထား။ ဒီလိုလဲ ရမှာပါပဲ။ အဲဒီလို ဆောက်ရမှာ အဆင့်ကလဲပဲ မူလအတိုင်း မဟုတ်ပဲနဲ့ နှစ်ဆင့်နှစ်ထပ်စီလုပ်ထားဖို့ပါပဲ။ အဲဒါလဲ သိပ်တော့ကြာမယ်မထင်ပါဘူး။ လုပ်ရ ကိုင်ရတာလဲ လွယ်လိမ့်မယ်လို့ ထင်တာပါပဲ။ လုပ်ရကိုင်ရတာလဲ လွယ်ပါလိမ့်မယ်။

ဒီမှာ အထူးအရေးကြီးတာက တိပိဋက စာပြန်ပွဲကျလို့ရှိယင် တိပိဋက စာပြန်ပွဲဆိုင်ရာတွေကို နေထိုင်ဖို့ရာ နေရာအခွင့်အရေးတွေ ပေးရပါတယ်။ မပေးလို့လဲ မဖြစ်ပါဘူး။ ပထမတုန်းက ဆိုယင် ဆွမ်းစားကျောင်းမှာ ကျွေးမွေးရေးအတွက် နေရာပေးရပါတယ်။ အခုတော့ စာဖြေ သံဃာများ လာလို့ ဒေါ်ကြွေ မဟာရုံကြီးကို ကျွေးမွေးဆက်ကပ်ရေးအတွက် နေရာပေးရပါတယ်။ စာဖြေ သံဃာတော်တွေနေဖို့ နေရာလဲပေးရပါသေးတယ်။ ဒါကြောင့် ရဟန်းယောဂီတွေနဲ့ အမျိုးသားယောဂီတွေ နေရေး ထိုင်ရေးကတော့ သိပ်အဆင်မပြေလှပါဘူး။ ဘုန်းကြီးတို့ကျောင်းက တိုးချဲ့အဆောင်တွေနဲ့ ဆိုတော့ ရဟန်းယောဂီ လူယောဂီတွေဟာ အဲဒီ ပြင်ဆင်ဆောက်လုပ်မဲ့ဌာနမှာ အားထုတ်မယ်ဆိုယင် သင့်သလောက်တော့ ဖြစ်နိုင်ပါတယ်။

ယခုလို ယောဂီတွေ အလွန်များတဲ့ ဒီလိုရက်အတွင်းမှာတော့ နေရာ ခပ်ကြပ်ကြပ်ပါပဲ။ နောက်မဟာရုံအသစ်ကြီး ဆောက်လုပ်ပြီးတဲ့အခါကျယင်တော့ ပိုပြီးကောင်းပါလိမ့်မယ်။ အဲဒါထက် ဒီက ရဟန်းသံဃာတွေနဲ့ အမျိုးသား ယောဂီတွေ နေရာထိုင်ခင်းဖြစ်တဲ့ အဆောက်အဦကလေးတွေကို ပြင်လိုက်လို့ရှိယင် တော်တော် ဟန်ကျသွားမယ်။ အဲဒါကို ဘုန်းကြီးက ဘုန်းကြီးမှာ ရှိသမျှ တတ်နိုင်သမျှ အခြေခံ ဥစ္စာတွေကို ဘုန်းကြီးက ခေါင်းဆောင်

http://www.dhammadownload.com

အဖြစ်နဲ့ ဝတ္ထုငွေ လှူမယ်လို့ ကြေညာထားပြီးတော့ အခြားသော ပုဂ္ဂိုလ်တွေလဲ တတ်နိုင်သမျှ အတူလိုက်ပြီး လှူဖို့ရာ တိုက်တွန်းရမှာပဲ။

ဘုန်းကြီးကနေပြီးတော့ အဲဒီလို အဆောက်အဦ လုပ်ဖို့ရာ ညွှန်ကြား တိုက်တွန်းပေးလို့ရှိယင် ဒါပြင် ပုဂ္ဂိုလ်တွေလဲပဲ အားပါးတရ ဝမ်းမြောက် ဝမ်းသာနဲ့ ဖြစ်ပေါ်လာကြရမှာပါပဲ။ ဒီအဆောက်အဦတွေလဲ မကြာခင် ပြီး ပါလိမ့်မယ်။ တနှစ်အတွင်း မပြီးယင် နှစ် နှစ်အတွင်းတော့ ပြီးမှာပါ။ နှစ် နှစ် တော့ ကြာမယ်မထင်ပါဘူး၊ မကြာခင်ပဲ ပြီးဖွယ်ရာ ရှိပါတယ်၊ နောက်ပြီး တော့ တတ်သိနားလည်တဲ့ အဖွဲ့ဝင်ပုဂ္ဂိုလ်များကို နည်းနည်းပါးပါး မေး ကြည့်တော့ သိပ်ကြာစရာ အကြောင်းမရှိပါဘူးလို့ သိရတယ်။ ဒီလိုဆို ကောင်း တာပေါ့လို့ ပြောရတယ်။

ဘယ်လောက် ကုန်စရာ ရှိသတုန်း ကုန်စရာကွေလဲ ဘယ်နှစ်သိန်း ကုန်မှာလဲ၊ အဲဒါကိုလဲ မေးရတယ်။ အဆောက်အဦနှစ်ခု တွဲလုပ်ယင် အခုနေ အနည်း ဆုံး အခြေခံ နှစ်သိန်းလောက်တော့ ဘုန်းကြီးက လှူသွားလိုက်မယ်၊ နောက် တော့ တတ်နိုင်တဲ့ပုဂ္ဂိုလ်တွေက လိုက်ပြီးတော့ လှူဖို့ပါပဲ၊ ၄-၅-၆-သိန်း လောက်ဆိုယင် ပြည့်စုံလောက်မှာပဲ။ ၄-၅-၆-သိန်း ၇-သိန်းထက်များယင် ၈-သိန်းပေါ့လေ၊ အဲဒီလို အစီအစဉ်ရှိပါတယ်။

အဲဒီ အဆောက်အဦတွေ ပြီးတယ်ဆိုတဲ့အခါကျယင်တော့ ဒီမှာ အရေး ကြီးဆုံး ဖြစ်တဲ့ တရားဓမ္မာရုံကြီးကို ဆောက်ဖို့ရာ ကောင်းပါတယ်။ တရား ဓမ္မာရုံကြီးကို ဆောက်နေရယင် ယခုပြောတဲ့ အဆောက်အဦများတွေကို ဆောက်ဖြစ်မှာမဟုတ်ဘူး။ ဘယ်တော့မှ ပြီးမှန်းလဲ မမှန်းနိုင်ဘူး။ အဲဒီလို စဉ်းစားမိပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့ကလဲပဲ အဲဒီ ရဟန်းယောဂီ အမျိုးသားယောဂီတွေ ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာနှင့် နေဖို့ရာ နေရာ ထိုင်ခင်းအတွက် အဆောက်အဦကလေးစပြီး ပြင်ပေးဖို့ ညွှန်ကြားရပါ တယ်။

အဲဒါတွေ ပြုပြင်ရမှာ ကုန်ကျဖို့ဟာလဲပဲ ဘုန်းကြီးက တတ်နိုင်သလောက် အကူအညီ ပေးရမှာပဲ။ ဘုန်းကြီးက ဒီလိုမှ မဟုတ်လဲ တနေ့ကျတော့ သေ သွားလို့ရှိယင်ဖြင့် ယူကော့မသွားနိုင်ဘူး။ မိမိပိုင်ကဲ့ ပစ္စည်းတွေဟာ အကျိုး မဲ့ ဖြစ်နေမှာပဲ၊ ယခုလို ဆောက်ပြီးတော့ လှူတာဟာလဲပဲ သေတဲ့အခါ ယူ

http://www.dhammadownload.com

သွားရအောင်လို့တော့ မရည်ရွယ်ပါဘူး။ လောလောဆယ်မှာ တရား အား ထုတ်ချင်တဲ့ ပုဂ္ဂိုလ်တွေ ချမ်းချမ်းသာသာ နေရအောင်၊ ပြီးတော့ အေးစာ ပုဂ္ဂိုလ်တွေ အမြင်အားဖြင့်လဲ သာသနာရေးလဲ ကြည်ညိုဖွယ်ဖြစ်အောင်၊အဲဒါ တွေ ရည်စူးပြီးတော့ ဘုန်းကြီးက စိတ်ကူးရှိပါတယ်။ အခုလို နေမကောင်း တဲ့အခါမှာ ဒီစိတ်ကူးက ဖြစ်လာတယ်။ အဲ - ဒါပါပဲ။

အဲဒီလိုပဲ စေတနာကောင်းနဲ့ ဒီမှာ ဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်တွေက ဆောင် ရွက်သင့် ဆောင်ရွက်ထိုက်တာတွေကို အများသဘောတူ အသိအမှတ်ပြုပြီး တော့ ဆောင်ရွက်သွားကြဖို့ပါပဲ။ အဲဒီလို အများသဘောတူ ပြုသင့်တဲ့ အမှု တွေကို ကြောင့်ကြစိုက်ပြီးတော့ ပြုနေကြတာဟာ အင်မတန် ကောင်းပါ တယ်။

"သဒ္ဓါသမ္ပဒါ၊ သီလသမ္ပဒါ၊ စာဂသမ္ပဒါ၊ ပညာသမ္ပဒါ"တဲ့၊ သဒ္ဓါသမ္ပ ဒါ ဆိုတာ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ဒါက ဗုဒ္ဓသာသာနာနုဂ္ဂဟအဖွဲ့ဝင် ပုဂ္ဂိုလ်တွေဟာ သဒ္ဓါတရားကတော့ ပြည့်စုံနေပြီး ပါပဲ။ မပြည့်စုံတာမရှိဘူး။ သဒ္ဓါတရားရှိလို့ပဲ ဒီလိုကုသိုလ်အလုပ်တွေ လုပ်ကြတာပါ။သီလသမ္ပဒါဆိုတာ ကတော့ ဗုဒ္ဓသာသနာဝင်တွေဆိုတာ သီလနဲ့ ပြည့်စုံနေတာပါပဲ။ ဒါပေမဲ့ တခုတော့ရှိတယ်။ ငါးပါးသီလက ပြည့်စုံနေပေမယ်လို့ (၈)ပါးသီလမျိုးကို မစောင့်ရှောက် မဆောက်တည်ပဲ နေတာရှိကတတ်တယ်။ မဆောက်တည်ပဲ နေ တော့ အေးကပုဂ္ဂိုလ်တွေ အမြင်အားဖြင့် အထင်အမြင် သေးတတ်တယ်။ အဲဒီတော့ ဒီလို အထင်အမြင် မသေးရအောင် အခါခပ်သိမ်း မဟုတ်သော်လဲ ပဲ ထူးခြားတဲ့ တရက်တလေတော့ (၈) ပါးသီလ ဆောက်တည်ယင် ကောင်းပါတယ်။သူများတွေ သီလသာမကဘူး၊ သမာဓိ-ပညာကျင့် ရအောင် ဆိုပြီးတော့ တိုက်တွန်းနေကဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ် ကိုယ်တိုင်က သီလကို မစောင့်ရှောက်ပဲနေယင် တယ်မကောင်းဘူးပေါ့။

အကြောင်းကတော့ သူ့ဟာနဲ့သူ ရှိမှာပေါ့။"ကျန်းမာရေးအတွက် အစာ မကြာ မကြာစားမှ ကျန်းမာရေး ပြည့်စုံမှာ"လို့ ခုကာလ ဆရာဝန်တွေက ဒီလိုဆိုတာ ရှိပါတယ်။ ရှေးတုန်းကတော့ ဒီလိုဟာမရှိပါဘူး။ ဘုန်းကြီးတွေ ဆိုလို့ရှိယင် အဲဒီလိုဟာတွေ ရှောင်ကြဉ်ဘို့ ခက်တာပဲ မလွယ်ဘူး။ ဘုန်းကြီး ဆိုလို့ရှိယင် ဘုန်းကြီးအဖြစ်နဲ့ နေပြီးတော့ ညနေခင်း စားရမယ် ဆိုယင်

http://www.dhammadownload.com

ခက်တာပဲ၊ ဘုန်းကြီးအဖြစ်နဲ့ နေလို့ကို ဖြစ်တော့မှာ မဟုတ်ဘူး၊ အဲဒီတော့ တတ်နိုင်သမျှ ကျင့်သုံးဖို့ လိုပါလိမ့်မယ်။ (သဒ္ဓါသမ္ပဒါ၊ သီလသမ္ပဒါ၊ စာဂသမ္ပဒါ) စာဂသမ္ပဒါဆိုတာကတော့ တတ်နိုင်သမျှ ပေးလှူတဲ့ကုသိုလ်နဲ့ ပြည့်စုံဖို့ပါပဲ။ အဲဒီမှာ ပညာသမ္ပဒါဆိုတာက အင်မတန် အကြောင်းညီညွတ်လို့ ဗုဒ္ဓသာသနာတော်မှာ ရောက်ပြီးတော့ နေရတယ်၊ ဒီလိုရောက်နေရာမှာလဲပဲ အဲဒီလို အချိုးကျကျ ပညာအကျင့်ကို ကျင့်ဖို့ ပြုဖို့ဆုပါပဲ။ ဒီဌာနမှာ ဝိပဿနာ ပညာတရားအထိ ရနေကြတယ်။ အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်။

အချို့ပုဂ္ဂိုလ်တွေက ဗုဒ္ဓဘာသာဝင်တွေပေမယ့်လို့ ဘုန်းကြီးတို့လို စနစ်တကျဟောနေတဲ့ တရားတွေကို အပြစ်တင်ပြီး ပြောဆိုတာ ရှိတယ်၊ ဘုန်းကြီးကတော့ သူတို့လဲ မကဲ့ရဲ့ပါဘူး။ သူတို့ အကုသိုလ်တွေ အလကား များနေတာပဲ၊ ဘယ်နှယ်ကြောင့် တရားမှန်ကို ကဲ့ရဲ့နေတာလဲ။ ကဲ့ရဲ့နေသူတို့မှာ အကျိုးယုတ်တာပါပဲ။ အဲ-သူတို့မှာ အကျိုးယုတ်တာ ကိစ္စမရှိဘူး။ သူတို့ရဲ့ တပည့်တပန်းပရိသတ်တွေ အဆက်ဆက်တွေရော ဒုက္ခတွေရောက်နေကြတာပဲ။ ဗမာပြည်မှာ တယ်မကြာခင်ကပဲ ဒီလိုဝါဒကလေးတွေ ပြန့်ပွားလာတယ်။ "ကျောက်သဘော" ဝါဒဆရာဆိုတာလဲ ဒီလိုဟာပါပဲ။ နောက်ပြီးတော့ ဟို "သမ္မာဒိဋ္ဌိသုတေသန" တီထွင်ခဲ့တဲ့ ဦးဥက္ကဋ္ဌကြီး ဆိုတာကလဲ ဒီလိုဟာတွေ ဟောပြခဲ့တာပဲ။ ဒီလို မတော်မသင့်တာတွေကို မြောင်းမြမှ ဒကာတဦးက စာရေးပြီးပို့ထားတယ်။

အဲဒီ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့က ကက်ဆက်နဲ့ တိတ်ခွေဖွင့်ပြီးတော့လဲပဲ ပို့ထားခဲ့သတဲ့။ အဲဒါတွေ နားထောင်ပြီးကော့ စာနဲ့ရေးပြီး သိပ်မတော်တဲ့ ဥစ္စာတွေကို သာသနာ ညွှန်ကြားရေးအတွက် အုပ်ချုပ်ရေးက ဆောင်ရွက်သင့်တယ်ဆိုပြီး ဘုန်းကြီးဆီ သူက ပို့ထားတယ်။

သာသနာအုပ်ချုပ်ရေးကို ဘုန်းကြီးကတော့ မလုပ်နိုင်ပါဘူး။ သင့်တော်တဲ့ ပုဂ္ဂိုလ်တွေ ဆောင်ရွက်နေယင် ပြီးတာပဲလို့သာ မျှော်လင့်ပါတယ်။

အဲဒီတော့ သဒ္ဓါသမ္ပဒါ၊ သီလသမ္ပဒါ၊ စာဂသမ္ပဒါ၊ ပညာသမ္ပဒါ။ ဒီသမ္ပဒါ ၄-ပါးနဲ့ ပြည့်စုံဖို့၊ အဲဒီလိုပြည့်စုံခြင်းဖြင့် ပြည့်စုံတိုက်တာတွေကို ဒီနှစ်ဒီအသင်းအဖွဲ့အတွင်း ဝင်ရောက်ပြီး ဆောင်ရွက်မဲ့ပုဂ္ဂိုလ်တွေဟာ ပြည့်စုံသည်ထက်

http://www.dhammadownload.com

ပြည့်စုံအောင် ကြိုးစားပြီး ဆောင်ရွက်ကြဖို့ပါပဲ။ အခုဆောင်ရွက်နေတာတွေကို ဘုန်းကြီးမြင်ရတွေ့ရတာဟာ အင်မတန်ကြိုးကြိုးစားစား ဆောင်ရွက်နေကြတယ်လို့ပဲ သိရပါတယ်။ အင်မတန် ဝမ်းသာစရာပါပဲ။

မိမိတို့အိမ်က နေ့စဉ်ပင် ကျောင်းလာပြီးတော့ တနေ့လုံး အလုပ်လုပ်နေကြတာဟာ တော်တော်တာဝန်လေးတာပါပဲ။ သာမန်ပုဂ္ဂိုလ်ဆိုယင် နေ့စဉ် နေ့တိုင်း လာနေဖို့ မလွယ်ပါဘူး။ နေ့စဉ်နေ့တိုင်းလာပြီး အခုလို ဆောင်ရွက်နေကြတာဟာ အင်မတန် အားရစရာ ဝမ်းသာစရာ ကောင်းပါတယ်။

နောက်ထပ်အသစ်တိုးလာတဲ့ ပုဂ္ဂိုလ်တွေလဲ အဲဒီအတိုင်းပဲ ရှပ်ရှပ်ချွန်ချွန် ဆောင်ရွက်သွားကြဖို့ပါပဲ။ အဲဒီလို ရှပ်ရှပ်ချွန်ချွန် ဆောင်ရွက်ခြင်းဖြင့် ဗုဒ္ဓသာသနာတော်ဟာ တိုးတက်သည်ထက် တိုးတက်ကြပါစေ။

ဘုရားသာသနာတော် တိုးတက်စေသောအားဖြင့် မိမိတို့အလိုရှိအပ်သော ကုသိုလ်ကောင်းမှု အရပ်ရပ်ကို တိုးပွား၍ မိမိတို့ အလိုရှိအပ်သော အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ လျင်မြန်စွာ ဆိုက်ရောက်၍ နိဗ္ဗာန်သို့ ဆိုက်ရောက်ကြပါစေ။

သာဓု.... သာဓု.... သာဓု

http://www.dhammadownload.com

၁၉၈၀-၈၁-ခုနှစ်တွင် မိန့်ကြားတော်မူသော

သြဝါဒ မိန့်ခွန်းတော်

ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ကြီးက မြတ်စွာဘုရား၏ သာသနာတော်ကို ချီးမြှောက်ရအောင်လို့ ဆောင်ရွက်လာကြပါတယ်။ ပထမအစပိုင်းက ဆိုလို့ရှိယင် ပရိယတ္တိသာသနာတော်ကို ချီးမြှောက်ဖို့ရာ တိပိဋကဓရ စာမေးပွဲတွေ ကျင်းပပြီး ဆောင်ရွက်လာခဲ့ကြပါတယ်။ နောက်ပိုင်းကျတော့ အဲဒီတိပိဋကဓရ စာစာမေးပွဲကိစ္စကို အစိုးရက တာဝန်ယူသွားတာနဲ့ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့က လိုအပ်သမျှ အကူအညီကိုသာ ပေးနိုင်သမျှ ပေးလာတာပဲ ရှိပါတယ်။ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ကြီး တည်ထောင်ပြီး (၂)နှစ်လောက် ကြာတဲ့အခါကျတော့ ပဋိပတ္တိသာသနာတော်ကို ချီးမြှောက်ရအောင်လို့ ဘုန်းကြီးတို့ကို ပင့်ပြီး ဆောင်ရွက်တဲ့အခါမှာ ဘုန်းကြီးတို့က ဒီသာသနာ့ရိပ်သာ လာရောက်ပြီးတော့ ပဋိပတ္တိသာသနာတော်၊ ပဋိဝေဓသာသနာတော် ထွန်းကားရအောင် ပြည့်စုံရအောင် ဆောင်ရွက်ကြရပါတယ်။

ပထမ စပြီးဆောင်ရွက်ခါစတုန်းကတော့ ဝိပဿနာအကျင့် ပဋိပတ်ကို ကျင့်ဖို့ ပရိသတ်ဟာ တယ်မများလှသေးပါဘူး။ အင်မတန်နည်းပါသေးတယ်။ ဒါပေမယ်လို့ နောက်ပိုင်းကျပြတော့ ဝိပဿနာ ပဋိပတ်အကျင့်ကို ကျင့်တဲ့ပုဂ္ဂိုလ်တွေဟာ များသထက်များလာပါတယ်။ ယခုဆိုယင် အဲဒီပဋိပတ္တိကျင့်တဲ့ပုဂ္ဂိုလ်တွေများလာတဲ့ နှစ်ပေါင်းက တော်တော်ကို ကြာလာပါပြီ။

ပဋိပတ္တိသာသနာတော်ကို ဒီလိုများများ ကြိုးစားကျင့်ကြတဲ့ ဌာနတွေဟာ အခြားနေရာဌာနမှာတော့ သိပ်မထင်ရှားလှပါဘူး။ ဒီဌာနမှာတော့ ထင်ရှားပါတယ်။ ဒီဌာနမှာ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ကြီးက အထူးကြောင့်ကြစိုက်ပြီး ဆောင်ရွက်လို့ အဘက်ဘက်က ပြည့်စုံနေသောကြောင့် အင်မတန် ထင်ရှားပါတယ်။

http://www.dhammadownload.com

ဗုဒ္ဓသာသနာနုဂ္ဂဟ-ဆိုတာ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသန-အဆုံးအမ သာသနာတော်ကို အနုဂ္ဂဟ-ချီးမြှောက်သည့် အဖွဲ့ပါပဲ။ အဲဒီအမည်နှင့် ဆောင်ရွက်ပုံဟာ အင်မတန် ညီညွတ်သင့်လျော်ပါတယ်။

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊

ဟိတာယ သဗ္ဗပါဏိနံ။

ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ သဗ္ဗပါဏိနံ-အလုံးစုံသော သတ္တဝါတို့၏၊ ဟိတာယ-အကျိုးစီးပွားအလို့ငှာ၊ လောကေ-လောက၌၊ သမုပ္ပန္နော၊ ပွင့်ထွန်းတော်မူလာလေသည်-တဲ့။ ဘုရားပွင့်တော်မူတယ် ဆိုတာဟာ လောကမှာ သတ္တဝါတွေ အကျိုးများဖို့ လူတွေရော၊ နတ်တွေရော၊ ဗြဟ္မာတွေရော အကျိုးများဖို့ပါပဲ။ နတ်တွေ ဗြဟ္မာတွေဆိုတာက လောကအနေအားဖြင့် ကြည့်ယင် အင်မတန် ချမ်းသာနေကြတယ်လို့ ချီးမွမ်းစရာ ရှိပါတယ်။ ဒါပေမဲ့ အိုခြင်း သေခြင်းအစရှိသော ဆင်းရဲတွေကတော့ မလွတ်ကင်းကြသေးပါဘူး။ အဲဒီ ဆင်းရဲတွေက နတ်တွေ ဗြဟ္မာတွေမှာ ရှိနေသေးတာပါပဲ။ သည့်ပြင်လဲသူတို့မှာ နောက်နောက်သော ဘဝတွေမှာ ကိုယ်ဆင်းရဲ အမျိုးမျိုးတွေနဲ့လဲ တွေ့ရကြုံရဦးမှာပဲ။ ဒါကြောင့် ''နတ်တွေ ဗြဟ္မာတွေ ချမ်းသာတယ်''ဆိုပေမယ့်လို့လဲပဲ လုံးဝချမ်းသာတာတော့ မဟုတ်သေးပါဘူး။

''လူတွေဆင်းရဲတယ်''ဆိုဟာကတော့ အထူးပြောစရာ မလိုပါဘူး။ ဒီလူတွေမှာ အိုခြင်း၊ နာခြင်း၊ သေခြင်း စသော ဆင်းရဲတွေနဲ့ ထင်ရှားတွေ့တွေ့ပြီး အင်မတန်ကိုဆင်းရဲနေကြပါတယ်။ အဲဒီဆင်းရဲတွေကင်းငြိမ်းပြီး အကျိုးများရ ချမ်းသာကြရအောင်လို့ မြတ်စွာဘုရား ပွင့်လာတော်မူခဲ့တာပါပဲ။ အရေးကြီးဆုံးကတော့ မြတ်စွာဘုရား ပွင့်တာဟာ သတ္တဝါတွေ ဆင်းရဲခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ကို ရောက်ဖို့ပါပဲ။ နိဗ္ဗာန်မရောက်သေးယင်လဲ သံသရာထဲမှာ ဘဝတွေရာထောင်စသည် မကြာအောင် ကိုယ်စိတ်ဆင်းရဲတွေ သက်သာသင့်သမျှ သက်သာအောင် ချမ်းသာသင့်သမျှ ချမ်းသာအောင် သက်သာစရာ ချမ်းသာစရာတွေကို ဟောကြားတော်မူတာ ဖြစ်ပါတယ်။ ဒါနသီလ အစရှိတဲ့ကုသိုလ်တရားတော်ကို ကျင့်ပွားစေရန် ဟောကြားတော်မူခဲ့ပါတယ်။ သမထဘာဝနာ ကုသိုလ်ကိုလဲ့ ဟောကြားတော်မူခဲ့ပါတယ်။ အဲဒါတွေက

http://www.dhammadownload.com

သတ္တဝါတွေမှာ လောကထဲ၌ပင် အကျိုးများသင့်သမျှ များအောင် ဟောပြော်မူခဲ့တာပါပဲ။

ဒါပေမယ်လို့ မြတ်စွာဘုရား ဟောဟော်မူတဲ့အတိုင်း အဲဒီတရားတွေကို ရိုသေစွာ လိုက်နာပြီး ကျင့်သုံး ဆောင်ရွက်တဲ့ သတ္တဝါတွေမှသာ အကျိုးများသင့်သလောက် များနိုင်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရား၏ အဆုံးအမတော်အတိုင်း ဟောကြားပေးကြဖို့လဲလိုပါတယ်။ ဘုန်းကြီးတို့ကတော့ မြတ်စွာဘုရား ဟောကြားထားတော်မူသည့် အတိုင်း ဒါန သီလ သမထဘာဝနာ အပြင် ဝိပဿနာ ဘာဝနာကုသိုလ်အကျင့်ကိုလဲ အထူးကျင့်ဖို့ရာ ဟောကြား နေကြပါတယ်။ ဒါန သီလ အကျင့်တွေကိုတော့ အများက ဟောကြား နေကြပါတယ်။ သမထအကျင့်ကိုလဲ တချို့ပုဂ္ဂိုလ်တွေ ဟောကြားနေကြပါ တယ်။ ဝိပဿနာအကျင့်ကိုတော့ ကျကျနန ပြည့်ပြည့်စုံစုံ ဟောတာကတော့ သိပ်ပြီး မထင်ရှားလှပါဘူး။ များလဲမများလှပါဘူး။ တချို့တချို့နေရာတွေမှာ ဆိုယင် လုံးလုံးမရှိပဲတောင် ဖြစ်နေပါသေးတယ်။ မြန်မာပြည်ထဲမှာတောင် တချို့တချို့နေရာမှာဆိုယင် ဘုန်းကြီးတို့က သွားရောက်ပြီး ဝိပဿနာတရားကို ကျကျနနဟောပေမယ်လို့ တရားအားထုတ်မည့် ပုဂ္ဂိုလ်က ရှိသင့်သလောက် မရှိပဲ ဖြစ်နေကယ်။ အင်မတန်ကို နည်းနေပါတယ်။

ယခု ဒီမဟာစည်ရိပ်သာဌာနမှာတော့ ဘုန်းကြီးကစပြီးဟောလာကတည်းက တဖြည်းဖြည်း တိုးတက်လာတယ်။ ယခုဆိုယင် ဒီဌာနမှာ ဝိပဿနာအလုပ်ကို အားထုတ်နေကြတဲ့ ရဟန်းရှင်လူတွေဟာ အင်မတန်ကို များနေပါပြီ။ နည်းတဲ့ ရာသီမှာတောင်မှ ယောဂီဦးရေဟာ သုံးရာလောက် ရှိနေပါတယ်။ များတဲ့ ရာသီဥတုအခါမှာတော့ တထောင်မကလဲ ရှိနေပါတယ်။ အားရစရာ ဝမ်းသာစရာ အင်မတန် ကောင်းပါတယ်။ အဲဒီလို ယောဂီတွေ များအောင်လို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်တွေကလဲ သာသနာတော်ကို ချီးမြှောက်ထောက်ပံ့ နေကြတာပါပဲ။ ယောဂီများ နေရေး ထိုင်ရေးရော၊ စားရေး သောက်ရေး ရော၊ ဆက်ဆံရေးရော၊ ကျင့်ကြံအားထုတ်ရေးရော အစစအရာရာ အဆင်ပြေ အောင် သင့်တင့်လျောက်ပတ်အောင် ဒီဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က တတ်နိုင် သမျှ ဆောင်ရွက်နေကြတာတွေ့ရပါတယ်။

http://www.dhammadownload.com

အဲဒီလို ဆောင်ရွက်တဲ့အခါမှာလဲ အခွင့်အရေးပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေမှသာ ဆောင်ရွက်နိုင်တာပါ။ မိမိကိုယ်ရဲ့ နေရေးထိုင်ရေး စားသောက်ရေးအတွက် လုပ်ငန်းတွေ များနေလို့ရှိယင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့အနေနဲ့ ဆောင်ရွက်ဖို့ မလွယ်ပါဘူး။ ကိုယ့်စားရေးသောက်ရေးတွေ နေရေးထိုင်ရေးစတဲ့ ကိုယ်ရေး ကိုယ်တာကိစ္စတွေကို ကြောင့်ကြစိုက်ဖို့မလိုပဲနဲ့ ဗုဒ္ဓသာသနာတော် တိုးတက်အောင် စိတ်စေတနာ အထူးထက်သန်စွာနဲ့ ဆောင်ရွက်နိုင်တဲ့ သူတွေကသာ အထူးကြောင့်ကြစိုက်ပြီး ဆောင်ရွက်ကြလို့သာ အခုလို အကျိုးများလာတာ ဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်တဲ့အခါမှာလဲ ခန္တီတို့၊ မေတ္တာတို့၊ ကရုဏာတို့၊ ပညာတို့ ပြည့်စုံဖို့ဆိုတာတွေကလဲ အရေးကြီးပါတယ်။ အဲဒီလေးပါးထဲက ခန္တီဆိုတာက သည်းခံသင့်တာကို သည်းခံမှုပါပဲ။ ကိုယ်ဆောင်ရွက်နေတာက မှုမှန်မှန် တိုးတက်ပြီး ဆောင်ရွက်နေပေမယ်လို့ ဘေးကပုဂ္ဂိုလ်တွေက အထင်အမြင်သေးပြီး အပြစ်ပြောတာလဲ ရှိတတ်ပါတယ်။ အချို့အချို့ကိစ္စမှာ ဆောင်ရွက်သင့်ပေမဲ့ သတိမပြုမိတဲ့အတွက် ကိုယ်ကချွတ်ယွင်းသွားတာလဲ ရှိတတ်ပါတယ်။ အဲဒီလိုဟာနဲ့စပ်ပြီး သူတပါးက အပြစ်ပြောလို့ရှိယင်လဲ အဲဒီလိုဟာကို သည်းခံဖို့အရေးကြီးပါတယ်။

မေတ္တာဆိုတာကတော့ ဒီကမ္မဋ္ဌာန်းဌာနမှာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေရော ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ထဲမှာ ဝင်ရောက်ပြီး ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေရော ဒီကမ္မဋ္ဌာန်းဌာနကို ထောက်ပံ့လှူဒါန်းလျက် အားပေးနေတဲ့ ပုဂ္ဂိုလ်တွေရော အဲဒီပုဂ္ဂိုလ်တွေနဲ့ စပ်ပြီးတော့ မေတ္တာဘာဝနာကို အထူးပွားများဖို့လိုပါတယ်။ မေတ္တာဆိုတာက လောကမှာ ရှိရှိသမျှ သတ္တဝါတွေ အကုန်လုံးအတွက် ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေလို့ နှလုံးသွင်းပွားများရတာပါပဲ။ ဒါပေမယ့် အထူးအရေးကြီးတာကတော့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နဲ့ ပတ်သက်တဲ့လူတွေကို ချမ်းသာစေလိုတဲ့ စိတ်ဆန္ဒနဲ့ ပွားများပြီး ဆောင်ရွက်ဖို့က အရေးကြီးပါတယ်။ အဲဒါတွေလဲ စပ်ဆိုင်ရာပုဂ္ဂိုလ်တွေက တတ်နိုင်သမျှ ဆောင်ရွက်လာကြလို့ ဒီဌာနဟာ တိုးတက်သင့်သမျှ တိုးတက်လာခဲ့ပါတယ်။

http://www.dhammadownload.com

နာက်လဲ တိုးတက်သင့်သမျှ ထပ်တိုးတက်အောင် မေတ္တာဘာဝနာ အရင်းပြီး စွမ်းနိုင်သမျှ ဆက်လက်ပြီး ဆောင်ရွက်သွားကြဖို့ပါပဲ။

ကရုဏာ-ဆိုတာကတော့ သနားတာပါပဲ။ အဆင်မပြေဖြစ်နေတဲ့ အခြားသူတွေကို သနားတဲ့အနေဖြင့် တတ်နိုင်သမျှ ကူညီအားပေးဖို့ပါပဲ။ အဆင်မပြေဖြစ်နေတဲ့သူတွေကို အပြစ်မြင်ပြီး ကိုယ်ကပြောဆိုနေဖို့တော့ မလိုပါဘူး။ သနားပြီးတော့ တတ်နိုင်သမျှ ကူညီဆောင်ရွက် ပေးဖို့သာ လိုပါတယ်။ အဲဒါကလဲ အရေးကြီးပါတယ်။ ဒါကြောင့် ဒီဗုဒ္ဓသာသနာ့နုဂ္ဂဟ အဖွဲ့ဝင်တွေကလဲ ချွတ်ယွင်းနေတဲ့သူကိုတော့ ချွတ်ယွင်းနေပေမယ့်လို့ အဲဒီ ချွတ်ယွင်းတဲ့သူရဲ့ အပြစ်ကို ထုတ်ဖော်မပြောပဲ သနားသောအားဖြင့် သည်းခံပြီး စောင့်ရှောက်သွားဖို့ရာ အရေးကြီးပါတယ်။ မလွဲမကင်းသာလို့ ပြောရယင်လဲ သည်းမခံနိုင်ခြင်း၊ ဆင်းရဲခြင်းများ မဖြစ်ရလေအောင် သနားငဲ့ညှာသော အားဖြင့် ပြောသင့်သမျှပြောပြီး ဆောင်ရွက်သင့်သမျှ ဆောင်ရွက်သွားဖို့ပါပဲ။ ဒါပဲ အရေးကြီးပါတယ်။

ပညာကတော့ လောကီပညာ၊ လောကုတ္တရာပညာအားဖြင့် နှစ်မျိုးရှိပါတယ်။ လောကုတ္တရာ ပညာဆိုတာကတော့ ဒီလိုအရာမှာ ဆောင်ရွက်ရန် မလိုသေးတဲ့အတွက် မဖော်ပြပဲ ချန်ထားလိုက်ပါတော့။ လောကီပညာဆိုတာကတော့ လောကရေးရာနှင့်စပ်ပြီး သင့်တော်တာ မသင့်တော်တာကို ဆင်ခြင်ပြီး သိနားလည်ရမည့်ဉာဏ်ပါပဲ။ အဲဒါကတော့ ပြည့်စုံဖို့ အလွန်အရေးကြီးပါတယ်။ အထူးအားဖြင့်ဆိုယင် မိမိတို့ကိုယ်တိုင် မိမိတို့အလိုအတိုင်း ဆောင်ရွက်နေသောကိစ္စ၊ သူတပါးက ညွှန်ကြားလို့ မိမိတို့ တာဝန်ယူပြီး ဆောင်ရွက်ရတဲ့ကိစ္စ၊ အဲဒီလိုကိစ္စများကို ဆောင်ရွက်ရာမှာ ချွတ်ယွင်းချက်မရှိပဲ ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန်ဖြစ်အောင် အထူးသတိပြုဖို့ အရေးကြီးပါတယ်။ အဲဒါဟာ လောကရေးရာနဲ့စပ်ပြီး ပြည့်စုံသင့်တဲ့ပညာပဲ။ တရားနဲ့စပ်ပြီး မှန်ကန်စွာဖြစ်ရမည့် ပညာကိုတော့ အထူးဆင်ခြင်စရာ မလိုပါဘူး။ အဲဒီတရားနဲ့စပ်တဲ့ပညာကိုတော့ ဘုန်းကြီးတို့သာသနာပြု 'ရဟန်းတော်များက ဘုရားဟောထားသည့် တရားတော်နဲ့အညီ ပြောဟောနေတဲ့အတွက် ပြည့်စုံနေပါပြီ။

http://www.dhammadownload.com

အဲဒီလိုဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်တွေက ဆောင်ရွက်သင့်သမျှ ဆောင်ရွက်ကြဖို့နဲ့ အဲဒီလိုအချိုးတကျ ဆောင်ရွက်နိုင်မဲ့ပုဂ္ဂိုလ်တွေကိုသာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ထဲမှာ အသိအမှတ်ပြုပြီး ဆောင်ရွက်သွားကြစေဖို့ပါပဲ။

အဲဒီလိုအချိုးကျကျဆောင်ရွက်ခြင်းဖြင့် မြတ်စွာဘုရား၏ သာသနာတော်ကို တိုးတက်စေနိုင်သည့်အပြင် မိမိတို့ကိုယ်တိုင်မှာလဲ ကုသိုလ်ထူးတွေပွားများပြီးတော့ ဝိပဿနာဉာဏ်စဉ်လဲ တိုးတက်ပွားများ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မိမိတို့အလိုရှိသည့်အတိုင်း ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု… သာဓု…. သာဓု

http://www.dhammadownload.com

၁၉၈၁-၈၂ ခုနှစ်တွင် မိန့်ကြားတော်မူသော

ဩဝါဒ မိန့်ခွန်းတော်

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၊ နှစ်ပတ်လည် အစည်းအဝေးဆိုတာကတော့ သာသနာ့ရိပ်သာနဲ့ ပတ်သက်ပြီးတော့ အကျိုးများရာ များကြောင်း၊ သိသင့် သိထိုက်တာ သိရအောင်လို့ အစည်းအဝေးကျင်းပကြရတာပါပဲ။ ဘုန်းကြီး ကတော့ အထူးပြောစရာလိုမယ်မဟုတ်ပါဘူး။ အတိုချုပ်အားဖြင့် ဆိုတော့ ဒီသာသနာ့ရိပ်သာနဲ့ ပတ်သက်ပြီးတော့ အကျိုးများအောင် မေတ္တာကာယကံ အရင်းခံပြုပြီးတော့ ဆောင်ရွက်ဖို့ဆိုတာလေး ပြောဖို့ပဲ ရှိပါတယ်။ ဒါလဲပဲ အထူးတလည် မဟုတ်ပါဘူး။ ပြောသင့်ပြောထိုက်လို့ ပြောရတာပါပဲ။ ဒီသာသနာ့ရိပ်သာမှာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့အနေနဲ့ ဆောင်ရွက်ပြီးနေကြတာက ဒီသာသနာ့ရိပ်သာမှာ တရားအားထုတ်မှုတွေ စွမ်းနိုင်ဖို့ပဲ၊ တရားအားထုတ်ချင်တဲ့ ပုဂ္ဂိုလ်တွေ အားထုတ်ရအောင် ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ အားထုတ်နိုင်အောင် ဆောင်ရွက်ကြရတာပါပဲ။ အင်မတန် အရေးကြီးပါတယ်။ မြတ်စွာဘုရား၏ သာသနာတော်တွင်းမှာ ဘုရားအလိုတော်နှင့်အညီ သီလ အကျင့် သမာဓိအကျင့် ပညာအကျင့်ဆိုကာ ကျင့်သင့်ကျင့်ထိုက်တဲ့ တရားတွေပါပဲ။ အဲဒါတွေကို ပြည့်ပြည့်စုံစုံ ကျင့်နိုင်အောင်လို့ အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ အင်မတန် ကျေးဇူးများပါတယ်။ သီလအကျင့်ဆိုတာကတော့ ငါးပါးသီလလောက်နဲ့ ပြည့်စုံနေလို့ သူကတော့ သိပ်ပြီးတော့ မများလှပါဘူး။ သမာဓိပညာ ဖြစ်အောင်ကတော့ ဘာဝနာကမ္မဋ္ဌာန်း တခုခု အားထုတ်မှ ဖြစ်တယ်၊ သမာဓိဝိပဿနာ နှစ်ခုလုံး ပြည့်စုံအောင်ကတော့ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်မှ သမာဓိရော ပညာရော ပြည့်စုံတယ်။ ဗိဋ္ဌာနမှာတော့ ဘုန်းကြီးတို့က ဝိပဿနာတရား အားထုတ်ဖို့ပဲ ဟောနေတာပါပဲ။ ပထမ ရောက်လာစကတည်းက ဝိပဿနာတရား အားထုတ်ဖို့ ဘုန်းကြီးတို့က ဒီလိုပဲ ဟောခဲ့ပါတယ်။ ဟိုတုန်းကတော့ ဒီမှာ အဖွဲ့ကလည်း စကာစမို့ ပရိသတ်တွေ မကျယ်ပြန့်သေးပါဘူး နည်းပါသေးတယ်။ ယခုတော့ ပရိသတ်တွေလည်း

http://www.dhammadownload.com

အင်မတန် များပါပြီ။ အဲဒီတော့ ဒီသာသနာ့ရိပ်သာမှာ လာရောက်ပြီး အား ထုတ်ကြတဲ့ ရဟန်းတွေကလည်းမနည်းဘူး အတော်များနေပါတယ်။ အမျိုး သား အမျိုးသမီးတတွေလည်းပဲ များနေတာပါပဲ။အမျိုးသမီးတွေက ပိုများ ပါတယ်။အမျိုးသားတွေတော့ အမျိုးသမီးတွေလောက် မများသေးဘူး။ စီး ပွားရေး အလုပ်တွေက အရေးကြီးတာနဲ့ စီးပွားရေးအလုပ်တွေ လုပ်နေစရာနဲ့ တယ်မလာနိုင်ကြတာနဲ့ တူပါတယ်၊ အဲဒီတော့ ဒီမှာလာပြီး တရား အားထုတ်ရအောင်လို့ ဆိုပြီး ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့က တက်နိုင်သမျှ ကူညီ စောင့်ရှောက်ပေးလို့ ပရိသတ်တွေ အင်မတန် များလာပါတယ်။ အားထုတ်ကြတာ အင်မတန် အားရစရာကောင်းပါတယ်။ နောင်လဲပဲ လိုရာ ဘက်က နေပြီးတော့ ဒီကအဖွဲ့ခေါင်းဆောင် ပုဂ္ဂိုလ်များက ညွှန်ကြားပြီး တော့ အဖွဲ့ထဲပါဝင်တဲ့ ပုဂ္ဂိုလ်တွေကလည်း မိမိတို့ တတ်နိုင်သမျှ ဆောင်ရွက် ကြရမှာပါပဲ။

ဒီအဖွဲ့ထဲမှာ အမြဲတမ်းလို ဒီမှာလာပြီး ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေ လည်း ရှိပါတယ်။ တယ်တော်တာပဲ။ သူတို့မှာ လောကရေးရာ ကြောင့်ကြ စိုက်စရာတွေကလည်း မရှိသလောက် ဖြစ်ပြီးနေတော့ ဒီမှာလာဆောင်ရွက်နေ တာ ဝမ်းသာစရာ ကောင်းပါတယ်။

အဲဒီလို အမြဲတမ်း မဆောင်ရွက်နိုင်တော့ ဆောင်ရွက်သင့်တဲ့အခါ လာ ရောက်ပြီး ဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ အဲဒါတွေလည်း ကောင်းပါတယ်။ အဲဒီလိုဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်တွေကို မေတ္တာနဲ့ ချမ်းသာ ပါစေလို့ အာရုံပြု မေတ္တာပို့ရတယ်။ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းကိုလည်း အာရုံပြု မေတ္တာပို့ရတာပဲ။ တရားလာပြီး အားထုတ်နိုင်အောင် မေတ္တာဘာဝနာပို့ရ မယ်။ တရားလာအားထုတ်တဲ့ ပုဂ္ဂိုလ်တွေလည်း ချမ်းချမ်းသာသာနဲ့ အား ထုတ်နိုင်ကြပါစေ အားထုတ်နိုင်ကြပါစေလို့ မေတ္တာဘာဝနာ ပွားများရမယ်။ အယင်လာပြီး အားထုတ်တဲ့ ပုဂ္ဂိုလ်တွေလည်း နေရေးထိုင်ရေး အစစအရာရာ အဆင်ပြေအောင်လို့ ဒါကိုလည်း စွမ်းနိုင်သမျှကြောင့်ကြ စိုက်ပြီးတော့ပေးကြ ရတယ်။ အခုတော့ နေရာထိုင်ခင်းတွေလည်း အတော်ဟန်ကျသွားပြီ။ နေဖို့ ထိုင်ဖို့တွေ အတော် နေရာကျပါတယ်။ စားသောက်ရေးဘက်ကလည်း တတ်နိုင်သမျှ အကူအညီပေးပြီး ဆောင်ရွက်ကြတယ်။အဲဒါတွေဟာ ချမ်းသာ

http://www.dhammadownload.com

ပါစေဆိုတဲ့ မေတ္တာကမ္မဋ္ဌာန်းနဲ့ မိမိတို့တာဝန်ရှိသမျှ ဆောင်ရွက်ပြီးတော့ နေကြရတာပါပဲ။ အင်မတန် ကောင်းပါတယ်၊ ဝမ်းမြောက် ဝမ်းသာစရာပါပဲ။ ဘာတွေလိုနေသေးတယ်လို့ ဘုန်းကြီးတို့ ပြောစရာတော့ မရှိပါဘူး။ ပြည့်စုံနေတာတွေပဲ။ ဘုန်းကြီးတို့ တွေ့နေရပါတယ်။ ရှေးက မရှိဖူးတဲ့ ဆောင်ရွက်မှုတွေ ယခုဆောင်ရွက်မှုတွေ ပြည့်စုံနေတယ်ဆိုတာ အာရုံပြုပြီးတော့ ဝမ်းမြောက်ရပါတယ်။ အဲဒီလို တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးခြင်းဖြင့် မြတ်စွာဘုရား၏ သာသနာတော်ဟာ တိုးတက်ကြဖို့ပါပဲ။ ဘုရားသာသနာတော်မှာ ဝိပဿနာအကျင့်ကို ကျင့်ကြတဲ့ ပုဂ္ဂိုလ်ဟာ သိပ်မများသေးဘူး။ နည်းနေသေးတယ်။ ရှေးက ဘုရားလက်ထက်တုန်းကဆိုလို့ရှိယင် သာသနာ့ဘောင်မှာ ဝင်ပြီး ရဟန်းပြုတဲ့ ပုဂ္ဂိုလ်တွေဟာ တခါတည်း အားထုတ်ရပါတယ်။ သာသနာ့ဘောင်မှာ ရဟန်းပြုပြီး ရဟန္တာဖြစ်အောင် အားထုတ်ကြတာပါပဲ။ ရဟန္တာဖြစ်တာတွေကလည်း များပါတယ်။ အဲဒီတုန်းက ရဟန္တာမဖြစ်တောင်မှ သောတာပန် သကဒါဂါမိ အနာဂါမိတွေတော့ ဖြစ်နေကြတာပဲ။ အင်မတန် အဆင်ပြေကြပါတယ်။ ခုနေကာလကတော့ ရဟန်းပြုပြီးတော့ မဂ်ဖိုလ်တရား ချက်ချင်းရောက်အောင် အားထုတ်တဲ့ ပုဂ္ဂိုလ်တွေက နည်းပါတယ်။

ယခုဒီမှာဆိုလို့ရှိယင်တော့ ရဟန်းတွေလည်း အတော်များပါတယ်။ အားထုတ်ကြတာ ဟန်ကျပါတယ်။ လူပုဂ္ဂိုလ်တွေက အတော်များနေတာ နေရာကျပါတယ်။ တချို့ဝမ်းမြောက်စရာပါပဲ။ အဲဒီပုဂ္ဂိုလ်တွေ ဒီမှာ နေရေး ထိုင်ရေးလည်း ချမ်းသာရအောင် အစစအရာရာ အဘက်ဘက်မှနေ ပြည့်စုံရအောင်လို့ အဖွဲ့ကနေ အကူအညီပေးနေတယ်၊ အဖွဲ့ထဲမှာလည်း သူ့အပိုင်းနဲ့သူ ဆောင်ရွက်နေကြတာတွေလည်း အားရစရာကောင်းတယ်။ ညွှန်ကြားတဲ့ဆရာများကို အကြောင်းပြုပြီး ဆောင်ရွက်နေကြတာဖြစ်လို့ နေရာကျပါတယ်။

အဲဒီလို သင့်တင့်လျောက်ပတ်တာတွေ ဆောင်ရွက်သွားခြင်းဖြင့် မြတ်စွာဘုရား၏ သာသနာတော် တိုးတက်ကြီးပွားဖို့ ဖြစ်ပါတယ်။ အဲဒီလို သာသနာတော် တိုးတက်ကြီးပွားခြင်းဖြင့် အများသောပုဂ္ဂိုလ်တွေ အကျိုးများဖို့ ဖြစ်ပါတယ်။ သို့ဖြစ်သောကြောင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ယခင်က စီစဉ်လာခဲ့တဲ့အတိုင်း ယခုလည်း ထပ်မံပြီး တိုးတက်ပြီး ဆောင်ရွက်သွားကြဖို့ပါပဲ။

http://www.dhammadownload.com

လာရောက်ပြီး တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေလည်း ချမ်းချမ်းသာသာ နေနိုင်ဖို့လဲ လိုပါတယ်။ တရားအားထုတ်ပြီးလို့ တရားပြည့်စုံတဲ့ အခြေအနေ ရောက်ပြန်တော့လည်း တချို့ကလည်း ဆက်ပြီးတော့ တရားအားထုတ်နေချင်တဲ့ ပုဂ္ဂိုလ်ရှိယင် ဒီလိုပုဂ္ဂိုလ်တွေလည်းပဲ တကယ့်ဓမ္မစေတနာကောင်းနဲ့ ဆိုလို့ရှိယင် ချီးမြှောက်ဖို့လိုပါတယ်။ အဲဒီလို သာသနာရေးဘက်က စွမ်းနိုင်သမျှ အားပေးကြဖို့ရန် ဘုန်းကြီးက ဒါလေး အတိုချုပ်ပဲ ညွှန်ကြားပါတယ်။ ဤသို့ ညွှန်ကြားတဲ့အတိုင်း ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့အလိုရှိအပ်သော ကောင်းကျိုး ချမ်းသာတွေကို ရနိုင်မည် ဖြစ်သောကြောင့် ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ၍ မိမိတို့ အလိုရှိအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် တိုးတက်၍ပြည့်စုံကြပါစေ။

ပေးတဲ့ဆုနဲ့ပြည့်စုံပါစေဘုရား—။

(သာဓု....သာဓု...သာဓု)

http://www.dhammadownload.com

မဟာစည်ဆရာတော်ဘုရားကြီး၏

ဩဝါဒတော်မှ မှတ်သားဖွယ်ရာ ကောက်နုတ်ချက်များ

ဒီသာသနာ့ရိပ်သာက ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကတော့ ဆောင်ရွက်ရာမှာ ထူးထူး ခြားခြား အောင်မြင် တာတွေ အင်မတန်များပါတယ်။ ဒီအဖွဲ့က ဆောင်ရွက်လို့ အောင်မြင် တာတွေကိုလိုက်ပြီး စဉ်းစားကြည့်ယင် အင်မတန်ဝမ်းမြောက် စရာ အားတက်စရာပါပဲ။

ယခု လေးလေးဆယ်မှာဆိုယင် အဖွဲ့က ဆောင်ရွက်ချက် တွေကို အင်မတန် အားရစရာကောင်းပါတယ်။ ယခုနှစ် နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲမှာ အဖွဲ့က ဆောင်ရွက်တာ ဟာ အင်မတန်ပြည့်စုံပါတယ်။ တွေ့ရမြင်ရတဲ့ လူရှင်အများက အင်မတန်ချီးကျူး ဝမ်းသာကြပါတယ်၊ နောက်လဲ ဒီအတိုင်း ပင် ထောင့်စေ့အောင် ဆောင်ရွက်သွားနိုင် ကြလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ဒါထက် တိုးတက်ပြည့်စုံ သွားလိမ့်လို့ မျှော်လင့်ရပါတယ်။

မေတ္တာကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာမနောကံ တို့ဖြင့် ယခုနှစ်လိုပင် ညီညီညွတ်ညွတ် ဆောင်ရွက်သွားနိုင်ကြ သဖြင့် မိမိတို့လဲအားရစရာ၊ရဟန်းသံဃာတွေဘက်က နေကြည့်ယင်လဲ အားရစရာ၊ လူဒကာ ဒကာမများဘက်ကနေ ကြည့်ယင်လဲ အားရစရာ၊ ဂမ်းမြောက်စရာ ဖြစ်သွားလိမ့်မယ်လို့ ဘုန်းကြီး တို့က ယုံကြည်စိတ်ချပြီး မျှော်လင့်ပါတယ်။ အဲဒီလိုမျှော်သင့်

http://www.dhammadownload.com

သည့်အတိုင်း ပြည့်စုံသည်ထက်ပြည့်စုံအောင် ဆောင်ရွက်သွားနိုင်ကြပါစေ။

[၁၉၇၆/၇၇ ခုနှစ်၊ သြဝါဒတော်မှ]

မနိုင်ဝန်ထမ်းရသလိုပဲ ဆောင်ရွက်စရာတာဝန်တွေအများကြီးဆောင်ရွက်သွားကြတယ်၊ ဥဒ္ဒါန-ထထကြွကြွ တက်တက်ကြွကြွဆောင်ရွက်ရမယ်။ ဒါလဲပဲ ဒီတနှစ်အတွင်းမှာ တက်ဘက်ကြွကြွလဲ ဆောင်ရွက်ကြပါတယ်။ သံဝိဘာဂေါ- ဝေဖန်ပေးကမ်းခြင်းဆိုတာကတော့ ဒီမှာသိပ်မလိုပါဘူး။ ဒယာ-သနားခြင်းဆိုတာကတော့ လိုပါတယ်။ သနားရမယ်တဲ့။ အဖွဲ့တွင်းကဖြစ်ဖြစ် အဖွဲ့ပြင်ကဖြစ်ဖြစ် သနားသင့်တဲ့ပုဂ္ဂိုလ်ကို သနားပြီးတော့ ကရုဏာနှင့် ဆောင်ရွက်ရတယ်။ ဣက္ခဏာ-ဉာဏ်ဖြင့် မြော်မြင်ကြည့်ရှုခြင်း။ ဒါဘယ်လိုလုပ်သင့်တယ်။ ဘယ်လိုလုပ်ရမယ်ဆိုတာကိုဉာဏ်ဖြင့် မြော်မြင် ဆင်ခြင်ရမယ်။ အဲဒါလဲ အခုတနှစ် အတွင်းမှာ စောစောကပြောတဲ့ တာလုပ်သင့်တယ်။ ဘာလုပ်ရမယ် စသည်ဖြင့် အဖွဲ့ကဆုံးဖြတ်ပြီး ဆောင်ရွက်သွားတာဟာ အင်မတန်ပြည့်စုံပါတယ်။

အခု ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကတော့ ဟောပြောဖို့မလိုပါဘူး။ ဟောပြောဖို့ရာက ဘုန်းကြီးတို့မှာ တာဝန်ရှိတယ်။ ဘုန်းကြီးတို့က တတ်နိုင်သမျှ သာသနာရေးကိစ္စတွေကို ဟောပြောရတယ်။ ဘုန်းကြီးတို့ကိုယ်တိုင် မဟောနိုင်တာကိုတော့ ကမ္မဋ္ဌာနာစရိယဟာဝန်ခံ ပုဂ္ဂိုလ်တွေလွှဲပြီးတော့ ခိုင်းရတယ်၊ ဟဦးတည်းတော့ ဆောင်ရွက်နိုင်ဖို့ရာ မလွယ်ဘူး။ ကမ္မဋ္ဌာနာစရိယတွေက ရဟန်းတော်တွေကို သွန်သင်ဆုံးမဖို့၊ အမျိုးသားယောဂီတွေ သွန်သင်ဆုံးမဖို့၊ အမျိုးသမီးယောဂီတွေ သွန်သင်ဆုံးမဖို့လာတာ သူ့တာဝန်နှင့်သူ ဆောင်ရွက်မှုပဲ ပြေလည်တယ်။

http://www.dhammadownload.com

ကမ္မဋ္ဌာန်းဆရာတော်သာမဟုတ်ဘူး။ သာသနာ့ရိပ်သာမှာ အစစအရာရာ ထိန်းသိမ်းစောင့်ရှောက်ဖို့ရာ ယောဂီဟောင်း ရဟန်းတွေဆိုတာလဲ ရှိပါသေးတယ်။ သူတို့ကလည်း ဆောင် ရွက်မှ သူတို့မရှိယင် မဖြစ်ဘူး။ ကမ္မဋ္ဌာန်း ဆရာတွေက မိမိတို့ တပည့်များကို သူတို့ပြောတဲ့အတိုင်း ကြားနာပြီး ဟောပြောရုံ ပဲ ဟောပြောနိုင်တယ်။ ကိုယ်မမြင်ရတဲ့ နေရာမှာ ရဟန်းတော် ယောဂီတွေ၊ အမျိုးသားယောဂီတွေ၊ အမျိုးသမီးယောဂီတွေ ဘယ်လိုနေတယ်ဆိုတာလဲ သိဖို့လိုပါတယ်။ ဒီတော့ ယောဂီ ဟောင်းထဲကနေပြီး ကြည့်ရှုစောင့်ရှောက်ပြီး ဆောင်ရွက်ဖို့လဲ လိုပါတယ်။

အဲဒီယောဂီတွေရဲ့ နေရေး ထိုင်ရေး ကျင့်ရေး ဆိုတာတွေ ကတော့ ဘုန်းကြီးတို့ကမ္မဋ္ဌာန်းဆရာတွေနဲ့ သက်ဆိုင်ပါတယ်။ ကမ္မဋ္ဌာန်းဆရာတွေက ပြုပြင်ပေးသင့်သမျှတော့ ပြုပြင်ပေး ရတယ်။ ပြောတန်သမျှတော့ပြောပေးရတယ်။ ဒါဟာ ဘုန်း ကြီးတို့ရဲ့တာဝန် ဝတ္တရားပဲ။

သာသနာ့ရိပ်သာမှာ နေပြီးတော့ တရား ကျင့်သုံးနိုင် အောင်၊ သာသနာတော်အားပေးနိုင်အောင် လိုတဲ့ဘက်ကနေ ပြီးတော့ ထောက်ပံ့ဖို့ရာကျတော့ ဗုဒ္ဓသာသနာ့နုဂ္ဂဟ အဖွဲ့၏ တာဝန်ပဲ။ အဲဒီအဖွဲ့က လိုတဲ့ဘက်ကနေပြီးတော့ ထောက်ပံ့နေ လို့ အခု သာသနာ့ရိပ်သာမှာ ယောဂီတွေဟာ အင်မတန် များ ပြားပြီးတော့ ပြည့်စုံနေတာပဲ။ အင်မတန်အားရစရာကောင်း ပါတယ်။

(၁၉၄၄-၇-၁၀-ခုနှစ်၊ ဩဝါဒတော်မှ)

(၂၆-၆-၄၈)ရက်နေ့ကမှ ဆယ်ကြိမ်မြောက် အမှုဆောင် အဖွဲ့ကျင်းပတဲ့အခါမှာ အဖွဲ့၏ဥက္ကဋ္ဌကြီးဖြစ်သည့် ဒါယကာ ကြီး ဆာဦးသွင်က ဒီနေရာဌာနကို အဖွဲ့ချုပ်အားလှူဒါန်းပေး

http://www.dhammadownload.com

အပ်သဖြင့် အဲဒီအခါကမှ ဒီဌာနဟာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏တည်ရာဌာနဖြစ်လာခဲ့ပါတယ်။ ၁၃၁၀-ခုနှစ် တပို့တွဲလက ဒီဌာနမှာ တိပိဋကဓရရွေးချယ်ပွဲကြီးကိုလဲ စရှိကျင်းပခဲ့ပါတယ်။ အဲဒီအချိန်မှစပြီးတော့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က ပရိယတ္တိသာသနာပြုစုတဲ့ဘက်ကလဲ အင်မတန် ထူးထူး ခြားခြား အောင်မြင်အောင် ဆောင်ရွက်လာခဲ့ပါတယ်၊ ယခုတော့ အဲဒီတိပိဋကဓရရွေးချယ်ပွဲကိစ္စကိုအစိုးရကတာဝန်ယူပြီးအပြည့်အစုံဆောင်ရွက် နေသောကြောင့် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီးက အထူးဆောင်ရွက်ဖို့ မလိုတော့သဖြင့် နေရာဌာနများ အသင့်ပြင်ဆင် ပေးခြင်းစသော လိုရာရာဘက်မှသာ တတ်နိုင်သမျှ ကူညီဆောင်ရွက် နေရပါတော့တယ်။

တနှစ်ထက် တနှစ် တရားအားထုတ်ကြသည့် ယောဂီတွေဟာ များစွာတိုးတက်လာခဲ့ပါတယ်၊ ၁၃၄၀-ခုနှစ်အတွင်းမှာ တော့ သာပြီး တိုးတက်များပြားလာပါတယ်။ နှစ်ပတ်လည်ပူဇော်ပွဲမှာ လာရောက်ကြတဲ့ ပရိသတ်တွေလဲ အလွန်ပင်များပါတယ်။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်ပေးသောကြောင့် အစစအရာရာ အဆင်ပြေနေတာဟာ အလွန်ပင် အားရနှစ်သက်စရာ ဝမ်းမြောက်စရာ ကောင်းပါတယ်။

သိနားလည်ဖို့ လိုတာကတော့ သံဃာသာ မဟုတ်ပါဘူး။ လူပုဂ္ဂိုလ်တွေရော၊ အားလုံးဟာ ညီညွတ်နေယင် ချမ်းသာကြမှာချည်းပါပဲ။

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဆိုတာကတော့ မြတ်စွာဘုရား၏ သာသနာတော်ကို ချီးမြှောက်ရန် အဖွဲ့ဖြစ်သောကြောင့် သာသနာတော်ကို တိုးတက်ကြီးပွားအောင် အညီအညွတ် ဆောင်ရွက်ဖို့ပါပဲ၊ အဲဒီလိုဆောင်ရွက်ရာမှာ ပဋိပတ္တိသာသနာဘက်က

http://www.dhammadownload.com

ဩဝါဒတော်များ

အချိုးကျကျ အညီအညွတ် ဆောင်ရွက်ဟောပြော ညွှန်ကြားနိုင်သည့်ပုဂ္ဂိုလ်တွေ အဆင်သင့်အပြည့်အစုံရှိနေဖို့ လိုပါတယ်။ အခု အနေမှာတော့ ဒီရိပ်သာမှာ အဲဒီလို ဟောပြောနိုင်တဲ့ပုဂ္ဂိုလ်တွေက ပြည့်စုံနေတာဟာ ဖင်မတန်ကောင်းပါတယ်။ အရပ်ရပ် အနယ်နယ် လှည့်ပြီးဟောပြောနိုင်တဲ့ ပုဂ္ဂိုလ်တွေကလဲ အတော်များများရှိနေပါတယ်၊ ပဋိပတ္တိသာသနာတော်တိုးတက်ခြင်း၏ အကြောင်းပါပဲ။ အဲဒီလိုသာသနာပြု ပုဂ္ဂိုလ်တွေ ပြည့်စုံနေတာဟာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ အညီအညွတ် အားပေးထောက်ပံ့ခြင်းနဲ့လဲ ဆိုင်ပါတယ်။ သံဃာသာမဂ္ဂီ-လို့ညွှန်ကြားထားတဲ့အတိုင်း အဖွဲ့ဝင်ပုဂ္ဂိုလ်တွေ အားလုံး အညီအညွတ်ဖြစ်နေလို့ ဒီလိုပြည့်စုံနေပါတယ်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် ဒါယကာတွေလဲ အဲဒီနည်းအတိုင်းပဲနှလုံးသွင်း သည်းခံပြီး မေတ္တာမနောကံ ပွားစေကာ မေတ္တာကာယကံ၊ မေတ္တာဝစီကံတို့ဖြင့် ဗုဒ္ဓသာသနာတော်၏ အကျိုးများရာများကြောင်းကိုသာ အညီအညွတ်ဆောင်ရွက်သွားကြဖို့ပါပဲ။

[၁၉၇၈-၇၉ ခုနှစ်၊ဩဝါဒတော်မှ]

ဒီကဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးမှာတော့ အဖွဲ့ဝင်ပုဂ္ဂိုလ်တွေမှာ အခြားအဖွဲ့ဝင်များလို အစစအရာရာ စားရေး သောက်ရေးမှစပြီးတော့ စီးပွားရေးအလုပ် အားကိုးစရာရှိတာမဟုတ်ဘူး။ ဒါကြောင့် သာသနာရေးသက်သက်ကိုသာ ကိုယ်တတ်နိုင်သမျှ နှစ်စဉ်လာရောက်ပြီးတော့ ဆောင်ရွက်နေကြတယ်။

အခု ဒီမှာတော့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် ပုဂ္ဂိုလ်တွေက ဆောင်ရွက်ပုံတွေဟာ အင်မတန်ကောင်းပါတယ်။ အရေးကြီးတဲ့ ကိစ္စတွေတတ်နိုင်သမျှ ဆောင်ရွက်ပြီးတော့ နေကြတယ်။

http://www.dhammadownload.com

ရှေးတုန်းကဆိုလို့ရှိယင် ဩဝါဒါစရိယ ဓမ္မဒွန်း ဆရာတွေ နေရေးထိုင်ရေးအတွက်နေဖို့ရာထိုင်ဖို့ရာကျောင်းအဆောက်အအုံ တွေတော့ သိပ်မပြည့်စုံဘူး။ အမျိုးသမီးတွေ နေဖို့ထိုင်ဖို့ကလဲပဲ သိပ်မပြည့်စုံဘူး။ အခုနေအခါတော့ အတော်တော့ ပြည့်စုံ နေပါပြီ။ မျက်စိနဲ့ကြည့်လိုက်ယင်ကိုပဲ အဆောက်အအုံကြီးတွေ ကြည့်ရသောအားဖြင့် အားရစရာ ဝမ်းသာစရာ အင်မတန် ကောင်းပါတယ်။

ဘုန်းကြီးတို့ကလဲပဲ အဲဒီရဟန်းယောဂီ အမျိုးသားယောဂီ တွေပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာနှင့်နေဖို့ရာ နေရာထိုင်ခင်း အတွက်အဆောက်အအုံကလေး စပြီးပြင်ပေးဖို့ ညွှန်ကြားရပါ တယ်။ အဲဒါတွေပြုပြင်ရမှာ ကုန်ကျဖို့ဟာလဲပဲ ဘုန်းကြီးက တတ်နိုင်သလောက်အကူအညီပေးရမှာပဲ။ ဘုန်းကြီးက ဒီလိုမှ မဟုတ်လဲပဲ တနေ့ကျတော့ သေသွားလို့ရှိယင်ဖြင့် ယူတော့ မသွားနိုင်ဘူး၊ မိမိပိုင်တဲ့ ပစ္စည်းတွေဟာ အကျိုးမဲ့ဖြစ်နေ မှာပဲ၊ ယခုလိုဆောက်ပြီးတော့ သွတာဟာလဲပဲ သေတဲ့အခါ ယူသွားရအောင်လို့တော့ မရည်ရွယ်ပါဘူး။

မိမိတို့အိမ်က နေ့စဉ်ပင် ကျောင်းလာပြီးတော့ တနေ့လုံး အလုပ် လုပ်နေကြတာဟာ တော်တော် တာဝန်လေးတာ ပါပဲ၊ သာမန်ပုဂ္ဂိုလ်ဆိုယင် နေ့စဉ်နေ့တိုင်း လာနေဖို့ မလွယ် ပါဘူး၊ နေ့စဉ်နေ့တိုင်းလာပြီး အခုလို ဆောင်ရွက်နေကြတာ ဟာ အင်မတန် အားရစရာ ဝမ်းသာစရာ ကောင်းပါတယ်။

နောက်ထပ် အသစ်တိုးလာတဲ့ ပုဂ္ဂိုလ်တွေလဲ အဲဒီအတိုင်း ပဲ ရှပ်ရှပ်ချွချွ ဆောင်ရွက်သွားကြဖို့ပါပဲ၊ အဲဒီလို ရှပ်ရှပ် ချွချွ ဆောင်ရွက်ခြင်းဖြင့် ဗုဒ္ဓသာသနာတော်ဟာ တိုးတက် သည့်ထက် တိုးတက်ကြပါစေ။

[၁၉၇၉-၀၀ ခုနှစ် ဩဝါဒတော်မှ]

http://www.dhammadownload.com

အထူးအရေးကြီးတာကတော့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နဲ့ ပတ်သက်တဲ့သူတွေကို ချမ်းသာစေလိုတဲ့ စိတ်ဆန္ဒနဲ့ ပွားများပြီး ဆောင်ရွက်ဖို့က အရေးကြီးပါတယ်၊ အဲဒါတွေလဲ စပ်ဆိုင်ရာ ပုဂ္ဂိုလ်တွေက တတ်နိုင်သမျှ ဆောင်ရွက်လာကြလို့ ဒီဌာနဟာ တိုးတက်သင့်သမျှ တိုးတက်လာခဲ့ပါတယ်၊ နောက်လဲ တိုးတက်သင့်သမျှ ထပ်တိုးတက်အောင် မေတ္တာဘာဝနာ အရင်းခံပြီး စွမ်းနိုင်သမျှ ဆက်လက်ပြီး ဆောင်ရွက်သွားကြဖို့ပါပဲ။

ဒီဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်တွေကလဲ ချွတ်ယွင်းနေတဲ့သူကိုတော့ ချွတ်ယွင်းနေပေမယ်လို့ အဲဒီ ချွတ်ယွင်းတဲ့ သူ့ရဲ့အပြစ်ကို ထုတ်ဖော် မပြောပဲ သနားသောအားဖြင့် သည်းခံပြီး စောင့်ရှောက်သွားဖို့မှာ အရေးကြီးပါတယ်၊ မလွှဲမကင်းသာလို့ ပြောရယင်လဲ သည်းမခံနိုင်ခြင်း၊ ဆင်းရဲခြင်းများ မဖြစ်ရလေအောင် သနားငဲ့ညှာသောအားဖြင့် ပြောသင့်သမျှ ပြောပြီး ဆောင်ရွက်သင့်သမျှ ဆောင်ရွက်သွားဖို့ပါပဲ၊ ဒါပဲ အရေးကြီးပါတယ်။

အဲဒီလို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်တွေက ဆောင်ရွက်သင့်သမျှ ဆောင်ရွက်ကြဖို့နဲ့ အဲဒီလို အချိုးတကျ ဆောင်ရွက်နိုင်မဲ့ ပုဂ္ဂိုလ်တွေကိုသာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ထဲမှာ အသိအမှတ်ပြုပြီး ဆောင်ရွက်သွားကြစေဖို့ပါပဲ။

အဲဒီလို အချိုးကျကျ ဆောင်ရွက်ခြင်းဖြင့် မြတ်စွာဘုရား၏ သာသနာတော်ကို တိုးတက်စေသည့်အပြင် မိမိတို့ကိုယ်တိုင်မှာလဲ ကုသိုလ်ထူးတွေ ပွားများပြီးတော့ ဝိပဿနာဉာဏ်စဉ်လဲ တိုးတက်ပွားများ၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် မိမိတို့အလိုရှိသည့်အတိုင်း ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

[၁၉၇၀-၇၁ ခုနှစ် ဩဝါဒတော်မှ]

http://www.dhammadownload.com

ဒီအဖွဲ့ထဲမှာ အမြဲတမ်းလို ဒီမှာလာပြီး ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေလဲရှိတယ်။ တယ်တော်တာပဲ။ သူတို့မှာလောကရေး ရာ ကြောင့်ကျစိုက်စရာတွေကလဲမရှိသလောက်ဖြစ်ပြီးနေတော့ ဒီမှာ လာဆောင်ရွက်နေတာ ဝမ်းသာစရာကောင်းပါတယ်။

အခု ဒီမှာဆိုလို့ရှိယင်တော့ ရဟန်းတွေလဲ အတော်များ ပါတယ်။ အားထုတ်ကြတာ ဟန်ကြပါတယ်၊ လူပုဂ္ဂိုလ်တွေက အတော်များနေတာ နေရာကျပါတယ်၊ တချို့ ဝမ်းမြောက် စရာပါပဲ၊ အဲဒီပုဂ္ဂိုလ်တွေ ဒီမှာနေရေး ထိုင်ရေးလဲ ချမ်းသာရ အောင် အစစအရာရာ အဘက်ဘက်မှနေ ပြည့်စုံရအောင်လို့ အဖွဲ့ကနေ အကူအညီပေးနေတယ်၊ အဖွဲ့ထဲမှာလဲ သူ့အပိုင်းနဲ့ သူ ဆောင်ရွက်နေကြတာတွေလဲ အားရစရာ ကောင်းတယ်၊ အဲဒါတွေလဲပဲ—

အဲဒီလို သင့်တင့်လျောက်ပတ်တာတွေ ဆောင်ရွက်သွား ခြင်းဖြင့် မြတ်စွာဘုရား၏ သာသနာတော် တိုးတက်ကြီးပွားဖို့ ဖြစ်ပါတယ်၊ အဲဒီလိုသာသနာတော် တိုးတက်ကြီးပွားခြင်းဖြင့် အများသောပုဂ္ဂိုလ်တွေ အကျိုးများဖို့ ဖြစ်ပါတယ်၊ သို့ဖြစ် သောကြောင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ယခင်က စီစဉ်လာခဲ့ တဲ့အတိုင်း ယခုလဲ ထပ်မံပြီး တိုးတက်ပြီး ဆောင်ရွက်သွားကြ ဖို့ပါပဲ။

[၁၉၇၁-၇၂ ခုနှစ် ဩဝါဒတော်မှ]

---

http://www.dhammadownload.com

ဝိပဿနာ၏ အကျိုးတရား

အနိစ္စမြင်လျှင် ဒုက္ခထင်သည်။
ဒုက္ခထင်တော့ အနတ္တမြင်သည်။
အနတ္တမြင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင်ဆိုက်ရောက်သည်။
နိဗ္ဗာန်မြင်က၊ အပါယ်မှ၊ မုချလွတ်မြောက်သည်။

မှီရာ လေးပါး

မှီဝဲသည်းခံ၊ ရှောင်ပယ်လှန်၊ လေးတန်မှီရာများ။

ပယ်ရန် အင်္ဂါငါးပါး

၁။ နှစ်သက်လိုချင်၊ ကြွေးမြီတင်၊ အလျှင်ပယ်ဖျောက်လေ။
၂။ စိတ်ပျက်စိတ်ဆိုး၊ ရောဂါမျိုး၊ နှိမ်ချိုးပယ်ဖျောက်လေ။
၃။ ထိုင်းမှိုင်းပျင်းရိ၊ ချုပ်နှောင်မိ၊ မှတ်သိပယ်ဖျောက်လေ။
၄။ ပျံ့လွင့်ပူပန်၊ သူ့ကျွန်ခံ၊ အမြန်ပယ်ဖျောက်လေ။
၅။ ယုံမှားဒွိဟ၊ လမ်းနှစ်ခွ၊ တွေ့က ပယ်ဖျောက်လေ။

မေတ္တာရှေ့သွား, စကားချိုလျှင်၊
သူ့ဂုဏ်အောက်မေ့, ညဉ့်နေ့အစဉ်၊
ရှိသေလေးစား, သနားခင်မင်၊
ညီညွတ်ရေး, အားပေးထာဝစဉ်။

မဟာစည်ဆရာတော်